ကြေးမုံ

The Mirror Daily

၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။

Established in 1957


**မိမိကိုယ်ကို ကောင်းစွာစောင့်ရှောက်**

မိမိကိုယ်ကိုချစ်လျှင် (အကုသိုလ် မဖြစ်စေရအောင်၊ ကုသိုလ်ပွားများအောင်) မိမိကိုယ်ကို ကောင်းစွာ စောင့်ရှောက်ရာ၏၊ အရွယ်သုံးပါးတို့တွင် (အနည်းဆုံး) တစ်ပါးပါးသော အရွယ်၌ ပညာရှိသော သူသည် မိမိကိုယ်ကို အကုသိုလ်မှ စင်ကြယ်အောင် စောင့်ရှောက်ရာ၏။

အတ္တဝဂ်(ဓမ္မပဒ-၁၅၇)


၁၃၈၈ ခုနှစ်၊ ကဆုန်လဆန်း ၁၃ ရက် အင်္ဂါနေ့။ Tuesday, 28 April 2026 ၁၂၁၆၂


# ၂၀၂၆ ခုနှစ် နွေရာသီကျောင်းပိတ်ရက်တွင် ကျောင်းသား ကျောင်းသူ လူငယ်များအတွက် ရေကြောင်းနှင့် လေကြောင်းလူငယ်အခြေခံသင်တန်းများနှင့် တန်းမြင့်သင်တန်းများ စတင်ဖွင့်လှစ်

နေပြည်တော် ဧပြီ ၂၇

ကျောင်းသား ကျောင်းသူ မျိုးဆက်သစ်လူငယ်မောင်မယ်များကို နွေရာသီကျောင်းပိတ်ရက်ကာလအတွင်း အသိပညာများ တိုးပွားစေရန်၊ အားလပ်ရက်များကို အကျိုးရှိစွာ အသုံးချနိုင်စေရန်၊ မိမိဝါသနာပါသည့် ပညာရပ်များကို လေ့လာဆည်းပူးနိုင်စေရန်နှင့် နိုင်ငံတော်အတွက် ရေကြောင်းပညာ ကျွမ်းကျင်သော အနာဂတ်မျိုးဆက်သစ်လူငယ်များ ပေါ်ထွန်းလာစေရန် ခေတ်မီနိုင်ငံတော် တည်ဆောက်ရေးတွင် ရေကြောင်းပို့ဆောင်ရေးကဏ္ဍ အရေးပါကြောင်း လူငယ်များ သိရှိနားလည်စေရန်၊ လှေလှော်အားကစားနည်း၊ ရွက်တိုက်အားကစားနည်းများအတွက် ထူးချွန်သည့် အားကစားသမားများ မွေးထုတ်ပေးရန်စသည့်ရည်ရွယ်ချက်များဖြင့် တပ်မတော်(ရေ)က ကျောင်းသား ကျောင်းသူ လူငယ်မောင်မယ်များအတွက် ရေကြောင်းလူငယ်အခြေခံသင်တန်း အမှတ်စဉ်(၁/၂၀၂၆)နှင့် ရေကြောင်းလူငယ်တန်းမြင့်သင်တန်း အမှတ်စဉ် (၁/၂၀၂၆)တို့ကို ယနေ့တွင် သက်ဆိုင်ရာမြို့နယ်အသီးသီး၌ ဖွင့်လှစ်ကြသည်။


**စာမျက်နှာ ၄ ကော်လံ ၁ သို့ ☆**




ရေကြောင်းလူငယ်အခြေခံနှင့် တန်းမြင့်သင်တန်း အမှတ်စဉ် (၁/၂၀၂၆) သင်တန်းဖွင့်ပွဲ အခမ်းအနားတွင် ခင်းကျင်းပြသထားသည့် သင်ထောက်ကူပစ္စည်းများကို သင်တန်းသားများက လှည့်လည်ကြည့်ရှုကြစဉ်။

## ယနေ့ ဖတ်စရာ

**အခြေခံပညာနှင့် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေးအထက်တန်းကျောင်း ဆရာ ဆရာမများအတွက် စိုက်ပျိုးရေးနှင့် မွေးမြူရေး အထူးပြုဘာသာရပ်ဆိုင်ရာ ကျွမ်းကျင်မှုစွမ်းရည်မြှင့်သင်တန်း ဖွင့်လှစ်**


စာမျက်နှာ » ၅


**စားနပ်ရိက္ခာ ဖူလုံမှုမှသည် စီးပွားရေး အရှိန်အဟုန် မြှင့်တင်ပေးမည့် မြန်မာ့မွေးမြူရေးကဏ္ဍ**




ဆောင်းပါး စာမျက်နှာ » ၁၃


**အရှေ့အလယ်ပိုင်းဒေသတွင် ဖြစ်ပွားလျက်ရှိသော ပဋိပက္ခများကြောင့် အာဆီယံဒေသတွင်း စွမ်းအင်ဖူလုံမှုအပေါ် အကျိုးသက်ရောက်မည့် နောက်ဆုံးအခြေအနေများနှင့်စပ်လျဉ်း၍ အာဆီယံစွမ်းအင်ဝန်ကြီးများ အထူးအစည်းအဝေး ကျင်းပ**


စာမျက်နှာ » ၁၀





ကြေးမုံ

# ပြည်နယ်အလှကို ပြန်လည်ထိန်းသိမ်း အကြမ်းဖက်အန္တရာယ်အပြီးတိုင်ဖယ်ရှား

တောင်ဇလပ်ပန်းတို့ပွင့်လန်းရာ၊ အောက်ချင်းငှက်တို့ပျော်စံရာ ချင်းပြည်နယ်သည် သာယာလှပသော ပြည်နယ်တစ်ခုဖြစ်သည်။ သာယာလှပသော ပြည်နယ်တစ်ခုဖြစ်သော်လည်း တောင်တန်းထူထပ်ပြီး လမ်းပန်းဆက်သွယ်ရေးခက်ခဲသောကြောင့် ဖွံ့ဖြိုးတိုးတက်မှုအနိမ့်ဆုံးဖြစ်နေသည်။ ထို့ကြောင့် အစိုးရအဆက်ဆက်တို့က ချင်းပြည်နယ်ဖွံ့ဖြိုးတိုးတက်ရေးကို အလေးထားဆောင်ရွက်ပေးခဲ့သည်။ သို့သော် အကြမ်းဖက်သောင်းကျန်းသူများလက်ချက်ကြောင့် ပြည်နယ်၏လှပမှုနှင့် ဖွံ့ဖြိုးတိုးတက်မှုတို့သည် အကျည်းတန်အရုပ်ဆိုးဖြစ်ခဲ့သည်။

ချင်းပြည်နယ်၏မြို့တော်သည် ဟားခါးဖြစ်ပြီး ဒုတိယမြို့တော်သည် ဖလမ်းဖြစ်သည်။ ဖလမ်းမြို့သည် ခရိုင်ရုံး၊ မြို့နယ်ရုံးများရုံးစိုက်ရာ တောင်ပေါ်မြို့ဖြစ်ပြီး မြောက်ဘက်တွင် တီးတိန်မြို့နှင့် တောင်ဘက်တွင် မြို့တော်ဟားခါးရှိသည်။ ဖလမ်းမြို့အနီးရှိ ဆူရ်ဘုန်တောင်တွင် လေယာဉ်ကွင်းရှိပြီး ချင်းပြည်နယ်၏ ပထမဆုံး လေဆိပ်အဖြစ် တည်ဆောက်ပေးထားသည်။ ဖလမ်းမြို့မှတစ်ဆင့် ကလေးမြို့သို့လည်းကောင်း၊ ဖလမ်း-ဟားခါးမှတစ်ဆင့် မကွေးတိုင်းဒေသကြီး ဂန့်ဂေါမြို့သို့လည်းကောင်း သွားလာနိုင်ကာ အချက်အချာကျပြီး နယ်မြေအေးချမ်းသာယာသည့် ဒေသတစ်ခုဖြစ်ခဲ့သည်။

ထိုသို့အေးချမ်းသာယာသော တောင်ပေါ်ဒေသတွင် ရိုးသားစွာနေထိုင်လုပ်ကိုင်စားသောက်နေကြသည့် တိုင်းရင်းသားပြည်သူများအား CDF အမည်ခံ အကြမ်းဖက်သောင်းကျန်းသူ ပူးပေါင်းအဖွဲ့များက CRPH၊ NUG အကြမ်းဖက်အဖွဲ့တို့၏ သွေးထိုးမြှောက်ပင့်ပေးမှုနှင့်အတူ ဒီမိုကရေစီရေးနှင့်ဒေသကောင်းစားရေးဟု မက်လုံးများပေး၍ စည်းရုံးသိမ်းသွင်းကာ အကြမ်းဖက်သင်တန်းပေးပြီး အကြမ်းဖက်သမားများမွေးထုတ်ပေးခဲ့သည်။ အကြမ်းဖက်သမားများသည် ဒေသခံပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်များကိုဖျက်ဆီးပြီး အစိုးရအုပ်ချုပ်ရေးယန္တရား ပျက်စီးစေကာ ဖွံ့ဖြိုးတိုးတက်မှုနှောင့်နှေးစေရန် ဆောင်ရွက်ခဲ့သည်။ ချင်းညီနောင်စစ်ဆင်ရေးအမည်ဖြင့် မြို့ရွာများတွင် တိုက်ပွဲများဖော်ဆောင်ခြင်း၊ လုံခြုံရေးအားနည်းသော တပ်စခန်းငယ်များကို အင်အားအလုံးအရင်းဖြင့် တိုက်ခိုက်ခြင်းပြုလုပ်ခဲ့ကြသည်။

ချင်းပြည်နယ်၏ ဒုတိယမြို့တော် ဖလမ်းမြို့ကို ၂၀၂၄ ခုနှစ် နိုဝင်ဘာလ ၈ ရက်နေ့တွင် မြို့လုံခြုံရေးဆောင်ရွက်နေသည့် နယ်မြေခံတပ်ရင်းနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များအား အင်အားအလုံးအရင်းဖြင့် ဝင်ရောက်တိုက်ခိုက်ခဲ့သည်။ လုံခြုံရေးတပ်ဖွဲ့ဝင်များအနေဖြင့် ကျည်တစ်တောင့်၊ လူတစ်ယောက်ကျန်သည်အထိ တိုက်ရဲသည့်စိတ်ဓာတ်၊ လေ့ခွက်ချည်းကျန် အလံမလှဲသည့် စိတ်ဓာတ်များဖြင့် အသက်ကိုပဓာနမထားဘဲ ရဲရဲဝံ့ဝံ့ပြန်လည်ခုခံ တွန်းလှန်ခဲ့ကြသည်။ အကြမ်းဖက်သမားများအနေဖြင့် သာလွန်အင်အားအသုံးပြု၍ ဒေသခံတိုင်းရင်းသားပြည်သူလူထုကို လူသားတံတိုင်းအဖြစ် အသုံးချတိုက်ခိုက်လာသောကြောင့် လုံခြုံရေးတပ်ဖွဲ့ဝင်များသည် ပြည်သူလူထုနှင့် အများပြည်သူပိုင်အဆောက်အအုံများ ပျက်စီးဆုံးရှုံးမှုမဖြစ်စေရန် ထိန်းထိန်းသိမ်းသိမ်း ခုခံခဲ့ကြသည်။

စစ်ဆင်ရေးကာလ ခြောက်လအကြာတွင် လုံခြုံရေးတပ်ဖွဲ့ဝင်များ ထိခိုက်ဒဏ်ရာရမှု များပြားလာသောကြောင့် စစ်နည်းဗျူဟာမြောက် ကြားခံစစ်အဆင့်ဆင့်ဖြင့် ၂၀၂၅ ခုနှစ် မေလ ၆ ရက်နေ့တွင် စနစ်တကျဆုတ်ခွာခဲ့ရသဖြင့် အကြမ်းဖက်သောင်းကျန်းသူများက ဖလမ်းမြို့ကို ယာယီစိုးမိုးခဲ့ကြသည်။ တပ်မတော်စစ်ကြောင်းများသည် ချင်းပြည်နယ်၏ ဒုတိယမြို့တော်ဖြစ်သည့် ဖလမ်းမြို့ကို အမြန်ဆုံးပြန်လည်သိမ်းပိုက်ရရှိနိုင်ရေးနှင့် CDF အမည်ခံ အကြမ်းဖက်သောင်းကျန်းသူများအား တိုက်ခိုက်ချေမှုန်းနိုင်ရေးအတွက် မြေပြင်/ဝေဟင် ဟန်ချက်ညီ ပေါင်းစပ်စုဖွဲ့၍ နယ်မြေရှင်းလင်းခြင်းများစတင်ခဲ့သည်။ တန်ပြန်တိုက်စစ်များ တစ်ဆင့်ပြီးတစ်ဆင့်ခြေကုပ်ယူ ထိုးဖောက်တိုက်ခိုက်ခဲ့ရာ ၂၀၂၅ ခုနှစ် အောက်တိုဘာလ ၂၇ ရက်နေ့မှ ဧပြီလ ၂၄ ရက်အတွင်း ကျေးရွာ၊ စခန်း၊ တောင်ကုန်း၊ လေယာဉ်ကွင်းအသီးသီးတို့ကို တစ်ခုပြီးတစ်ခုသိမ်းပိုက်နိုင်ခဲ့ပြီး ဧပြီ ၂၅ ရက်နေ့တွင် ဖလမ်းမြို့ကို တပ်မတော်စစ်ကြောင်းများက အပြီးတိုင်သိမ်းပိုက် ပြန်လည်ထိန်းချုပ်နိုင်ခဲ့သည်။

ထိုသို့ အောင်မြင်စွာ သိမ်းပိုက်နိုင်ခဲ့သည့်အတွက် ဒေသခံတိုင်းရင်းသားပြည်သူများ၏ နေရပ်ဇာတိ အိုးအိမ်နေရာများ၌ စိတ်အေးချမ်းသာစွာ ပြန်လည်နေထိုင်လိုသည့်ဆန္ဒ၊ အကြမ်းဖက်သောင်းကျန်းသူများ၏ အန္တရာယ်ပြုမှု၊ ခြိမ်းခြောက်အကျပ်ကိုင်မှု၊ ထိတ်လန့်ကြောက်ရွံ့နေရသည့်ဘေးမှကင်းဝေးပြီး ဒေသခံပြည်သူများ၏ လူမှုစီးပွားဘဝအတွက် အေးချမ်းစွာ ရှာဖွေလုပ်ကိုင်စားသောက်လိုသည့် ဆန္ဒများကို ဖြည့်ဆည်းပေးနိုင်ခဲ့သည်။ ချင်းပြည်နယ်အတွင်း အကြမ်းဖက်သောင်းကျန်းသူများ လုံးဝကင်းစင်သွားအောင် အကြမ်းဖက်ချေမှုန်းမှုစစ်ဆင်ရေးများကို ဆက်လက်တိုးမြှင့် ဆောင်ရွက်လျက်ရှိသည်။

သို့ဖြစ်ရာ သာယာလှပပြီး အေးချမ်းစွာ နေထိုင်လုပ်ကိုင်စားသောက်နိုင်သည့် ချင်းပြည်နယ်၏ ဒုတိယမြို့တော် ဖလမ်းဒေသကို CDF အမည်ခံ အကြမ်းဖက်သောင်းကျန်းသူ ပူးပေါင်းအဖွဲ့များက အန္တရာယ်ပြုဖျက်ဆီးခဲ့မှုများကို တပ်မတော်စစ်ကြောင်းများက အပြီးတိုင်ဖယ်ရှား ရှင်းလင်းနိုင်ခဲ့ပြီဖြစ်ရာ သာယာလှပသော ပြည်နယ်အလှကို ထာဝရထိန်းသိမ်းစောင့်ရှောက်သွားနိုင်ရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိပါကြောင်း။ ။

## မြန်မာနိုင်ငံပြန်တမ်း

### ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများ ပြောင်းရွှေ့ခန့်ထားခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် အောက်ဖော်ပြပါ ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများကို ယင်းတို့နှင့်ယှဉ်တွဲဖော်ပြထားသည့် ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ရာထူးနေရာများသို့ တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ ပြောင်းရွှေ့ခန့်ထားလိုက်သည်-

| | အမည်၊ လက်ရှိရာထူး၊ ဌာန | ပြောင်းရွှေ့ခန့်ထားသည့် ရာထူး၊ ဌာန |
|---|---|---|
| (၁) | ဒေါက်တာ ထွန်းမင်း<br>ပါမောက္ခချုပ်(ဆေးရုံအုပ်ကြီး/ကုသရေး)<br>ရန်ကုန်ပြည်သူ့ဆေးရုံကြီး<br>ကုသရေးဦးစီးဌာန<br>ကျန်းမာရေးဝန်ကြီးဌာန | ညွှန်ကြားရေးမှူးချုပ်<br>တိုင်းရင်းဆေးပညာဦးစီးဌာန<br>ကျန်းမာရေးဝန်ကြီးဌာန |
| (၂) | ဒေါ်သန္တာလေး<br>ညွှန်ကြားရေးမှူးချုပ်<br>နည်းပညာဖွံ့ဖြိုးရေးနှင့်လေ့ကျင့်ရေးဦးစီးဌာန<br>ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး | ညွှန်ကြားရေးမှူးချုပ်<br>ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးအဖွဲ့<br>ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး |

## တရားမအထူးအယူခံမှု လေးမှုကို ရုံးထိုင်ကြားနာ

**နေပြည်တော် ဧပြီ ၂၇**

ပြည်ထောင်စုတရားသူကြီးချုပ် ဦးသာဌေးနှင့်ပြည်ထောင်စု တရားလွှတ်တော်ချုပ် တရားသူကြီးများဖြစ်ကြသည့် ဒေါ်သင်းသင်းနွဲ့၊ ဦးဝင်းမြင့်၊ ဒေါ်စိုးခက်ခက်၊ ဒေါ်သင်းသင်းချိုတို့ပါဝင်သည့် အထူးအယူခံခုံရုံးသည် ယနေ့နံနက် ၉ နာရီခွဲတွင် ပြည်ထောင်စုနယ်မြေ နေပြည်တော် ပုဗ္ဗသီရိမြို့နယ် မင်္ဂလာဒီပ ရပ်ကွက် ချင်းတွင်းလမ်းရှိ ဇေယျာသီရိခရိုင်တရားရုံး ရုံးခန်းအမှတ်(၁)၌ ပြည်ထောင်စုတရားလွှတ်တော်ချုပ် အထူးအယူခံခုံရုံး ရုံးထိုင်၍ တရားမအထူးအယူခံမှုအမှတ် ၂/၂၀၂၆ (မွန်)၊ ၃/၂၀၂၆ (ရန်ကုန်)၊ ၄/၂၀၂၆ (ဧရာဝတီ)နှင့် ၅/၂၀၂၆ (ရန်ကုန်) စုစုပေါင်း တရားမအထူးအယူခံမှု လေးမှုတို့ကို ရုံးထိုင်ကြားနာခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## ၂၇ - ၄ -၂၀၂၆ ရက်နေ့ ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေး

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေတစ်ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်)၏ **ဈေးနှုန်းမှာ** ငွေကျပ် ၇၁၀၀၀၀၀ ဖြစ်သည်။

ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်

၂၇ - ၄ - ၂၀၂၆

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၁၂,၅၀၀ | ၁၃,၀၀၀ | ၁,၁၄၂ | ၁၄,၈၄၅,၅၀၀ |
| MTSH | ၆,၁၀၀ | ၆,၂၀၀ | ၂,၁၇၆ | ၁၃,၄၆၂,၆၀၀ |
| MCB | ၉,၅၀၀ | ၉,၄၀၀ | ၆၁ | ၅၇၉,၀၀၀ |
| FPB | ၃,၉၀၀ | ၄,၀၀၀ | ၂,၄၂၁ | ၉,၆၆၄,၈၅၀ |
| TMH | ၃,၁၀၀ | ၃,၀၅၀ | ၁၅ | ၄၅,၈၀၀ |
| EFR | ၁,၈၅၀ | ၁,၈၅၀ | ၂,၉၇၄ | ၅,၄၀၁,၉၀၀ |
| AMATA | ၃,၉၅၀ | ၄,၀၀၀ | ၅ | ၁၉,၉၀၀ |
| MAEX | ၃,၉၀၀ | ၃,၉၅၀ | ၂,၀၄၆ | ၈,၀၇၉,၂၀၀ |
| MADPL(PLB) | ၃,၄၀၀ | ၃,၄၀၀ | ၀ | ၀ |
| ASPGB(PLB) | ၃၈,၅၀၀ | ၃၈,၅၀၀ | ၁၅၀ | ၅,၇၇၅,၀၀၀ |

ရန်ကုန်စတော့အိတ်ချိန်းမှရယူသည်။

သင့်စီးပွားရေးလုပ်ငန်းများအောင်မြင်ဖို့ ကြေးမုံသတင်းစာတွင် ကြော်ငြာစို့

ကြေးမုံ

စာတည်းမှူးချုပ် - ဝင်းနိုင်
စာတည်းမှူး - အေဝမ်းစိုး
စာတည်းများ - စန်းအောင်၊ ခင်ခင်သက်၊ ယုဝါဝါ၊ သီသီမင်း၊ ဟိန်းထက်လင်း၊ သက်ထွေး၊ စန်းယဉ်ဦး၊ နိုင်လင်းကြည်
ဘာသာပြန် - အောင်ကျော်ကျော်၊ စိုးသူရ
အကြီးတန်း သတင်းထောက်များ - ခင်မို့မို့အောင်၊ ခင်မျိုးနိုင်၊ မာမာစိုး၊ ခိုင်သန္တာရွှေ၊ ခင်ယုဆွေ၊ အိအိမွန်
အငယ်တန်း သတင်းထောက်များ - အောင်ကျော်ဦး၊ သန်းတင်အောင်၊ ခင်သက်မွန်၊ မြသီတာ
သုတေသန - ဇင်မာဝင့်
စာပြင် - ခင်နှင်းယုနှင့်အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - နီလာစိုးနှင့်အဖွဲ့
အီးမေးလ်နှင့် အွန်လိုင်း - စိုးချစ်ဦးနှင့်အဖွဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

themirror.npt@gmail.com
https://www.moi.gov.mm/km

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၂၅
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁



# ပြည်ထောင်စုဝန်ကြီး ဦးတင်မောင်ဆွေ ကာတာနိုင်ငံ ဒုတိယဝန်ကြီးချုပ်ဟောင်းနှင့် ကာကွယ်ရေးဝန်ကြီးဟောင်း ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံ

နေပြည်တော် ဧပြီ ၂၇

နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်မောင်ဆွေသည် ကာတာနိုင်ငံ ဒုတိယဝန်ကြီးချုပ်ဟောင်းနှင့် ကာကွယ်ရေးဝန်ကြီးဟောင်း ဖြစ်သူ ဒေါက်တာခါလစ် ဘင် မိုဟာမက် အယ်လ် အက်တီယာ ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား ယနေ့မွန်းလွဲ ၂နာရီတွင် နေပြည်တော်ရှိ နိုင်ငံခြားရေး ဝန်ကြီးဌာန၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ်မြန်မာနိုင်ငံနှင့် ကာတာနိုင်ငံတို့အကြား နှစ်နိုင်ငံစီးပွားရေးပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ရေး နှင့် မြန်မာနိုင်ငံ၏ စိုက်ပျိုးရေး၊ သတ္တုတူးဖော်ရေး၊ လျှပ်စစ်နှင့် စွမ်းအင်ကဏ္ဍတို့တွင် ရင်းနှီးမြှုပ်နှံမှုများ ပြုလုပ်သွားရေးတို့နှင့်စပ်လျဉ်း၍ ဆွေးနွေးကြသည်။

တွေ့ဆုံပွဲသို့ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယ ဝန်ကြီး ဦးနိုင်မင်းကျော်နှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။ **သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဦးအောင်ကျော်ဟိုး ထိုင်းသံရုံးမှ သံရုံးယာယီတာဝန်ခံ Mr. Yordying Supasri ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံ

နေပြည်တော် ဧပြီ ၂၇

အမျိုးသားစီမံကိန်း၊ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်ကျော်ဟိုးသည် ရန်ကုန်မြို့ အခြေစိုက် ထိုင်းနိုင်ငံသံရုံးမှ သံရုံးယာယီတာဝန်ခံ Mr. Yordying Supasri ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား ယနေ့မွန်းလွဲပိုင်းတွင် အမျိုးသားစီမံကိန်း၊ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေး ဝန်ကြီးဌာန ရုံးအမှတ်(၁) နေပြည်တော်၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် မြန်မာ-ထိုင်း နှစ်နိုင်ငံအကြား စီးပွားရေးပူးပေါင်းဆောင်ရွက်မှုများ မြှင့်တင်ရေး၊ မြန်မာနိုင်ငံတွင် စီးပွားရေးလုပ်ငန်းများ ဆောင်ရွက်နေသော ထိုင်းနိုင်ငံသား စီးပွားရေးလုပ်ငန်းရှင်များ၏ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ တိုးတက်မြင့်မားရေး၊ နှစ်နိုင်ငံကုန်သွယ်မှုများ မြန်ဆန်စေရေးဆိုင်ရာ ကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ် ဆွေးနွေးကြသည်။



တွေ့ဆုံပွဲသို့ အမျိုးသားစီမံကိန်း၊ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေး ဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူးချုပ်များ၊ တာဝန်ရှိသူများ၊ ထိုင်းသံရုံးနှင့် ထိုင်းနိုင်ငံ စီးပွားရေး လုပ်ငန်းရှင်များအသင်းမှ ကိုယ်စားလှယ်များ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**



# ပြည်ထောင်စုအတိုင်ပင်ခံကောင်စီ ကောင်စီဝင် ဦးသန်းဆွေ ကာတာနိုင်ငံ ဒုတိယဝန်ကြီးချုပ်ဟောင်းနှင့် ကာကွယ်ရေးဝန်ကြီးဟောင်းအား လက်ခံတွေ့ဆုံ

နေပြည်တော် ဧပြီ ၂၇

ပြည်ထောင်စုအတိုင်ပင်ခံကောင်စီ ကောင်စီဝင် ဦးသန်းဆွေသည် ကာတာနိုင်ငံ ဒုတိယဝန်ကြီးချုပ်ဟောင်းနှင့် ကာကွယ်ရေးဝန်ကြီးဟောင်းဖြစ်သူ ဒေါက်တာခါလစ် ဘင် မိုဟာမက် အယ်လ် အက်တီယာ အား ယနေ့မွန်းလွဲပိုင်းတွင် Jasmine Naypyitaw Hotel ၌ လက်ခံတွေ့ဆုံသည်။

**အမြင်ချင်းဖလှယ်ဆွေးနွေး**

တွေ့ဆုံစဉ် မြန်မာနိုင်ငံနှင့် ကာတာနိုင်ငံတို့အကြား နှစ်နိုင်ငံဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်ဆောင်ရွက်ရေး ကိစ္စရပ်များနှင့်စပ်လျဉ်း၍ အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# နိုင်ငံတကာအဆင့်မီအနုပညာဗဟိုဌာန တည်ဆောက်နေမှု ဒုတိယဝန်ကြီး ဦးအေးထွန်း ကြည့်ရှုစစ်ဆေး

ရန်ကုန် ဧပြီ ၂၇

ဟိုတယ်၊ ခရီးသွားလာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအေးထွန်းသည် တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းက ရန်ကုန်တိုင်းဒေသကြီး အင်းစိန်မြို့နယ်ရှိ အနုပညာဗဟိုဌာန(ရန်ကုန်) (Myanmar Art Center – Yangon) တည်ဆောက်ရေး လုပ်ငန်းများကို ကြည့်ရှုစစ်ဆေးသည်။



ဦးစွာ ရှင်းလင်းဆောင်၌ ဆောက်လုပ်ရေးကုမ္ပဏီ Project Director က နိုင်ငံတကာအဆင့်မီ အနုပညာဗဟိုဌာန (ရန်ကုန်) တည်ဆောက်ရေး စီမံကိန်းတွင် အဆောက်အအုံ ဘေးနံရံများ ကာရံနေမှု၊ ဆောင်ရွက်ရန်ကျန်ရှိသော Steel Column များ၊ အမိုးအသစ်မိုးခြင်းနှင့် အမိုး အဟောင်းပြုပြင်ခြင်း လုပ်ငန်းများနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် ဒုတိယဝန်ကြီးသည် နိုင်ငံတကာအဆင့်မီ အနုပညာဗဟိုဌာန(ရန်ကုန်) အဆောက်အအုံ အတွင်း ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ဖြည့်စွက်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# နန်းယွန်းမြို့နယ်၌ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းစီမံကိန်း မိတ်ဆက်ရှင်းလင်းခြင်းနှင့် ကော်မတီ ဖွဲ့စည်း

နန်းယွန်း ဧပြီ ၂၇

နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ နန်းယွန်းမြို့နယ်တွင် နိုင်ငံတော်အစိုးရသစ်၏ ရက်(၁၀၀)စီမံချက်ဖြင့် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစီမံကိန်းလုပ်ငန်းများ ဆောင်ရွက်နိုင်ရန် စီမံကိန်းမိတ်ဆက် ရှင်းလင်းခြင်းနှင့် ကော်မတီဖွဲ့စည်းခြင်းကို ယနေ့နံနက်ပိုင်းက ဟာဝါး (အထက်)ကျေးရွာနှင့် ကြိုင်ရိုင်ကျေးရွာတို့၌ ကျင်းပသည်။

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးခေါင်းပေ့ါက ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားပြီး စီမံကိန်းတာဝန်ခံဝန်ထမ်းက ကျေးရွာကော်မတီဝင်များရွေးချယ်ရာတွင် လိုက်နာရမည့် စည်းမျဉ်း၊ စည်းကမ်းများ၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဥပဒေ၊ နည်းဥပဒေများ၊ ကျေးရွာသူ ကျေးရွာသားများ လိုက်နာရမည့် တာဝန်များနှင့် ရပိုင်ခွင့်များကို ရှင်းလင်းပြောကြားသည်။

ထို့နောက် မြို့နယ်ဦးစီးမှူးနှင့် တာဝန်ရှိသူများက ဟာဝါး(အထက်) ကျေးရွာနှင့် ကြိုင်ရိုင်ကျေးရွာတို့တွင် ရက်(၁၀၀)စီမံချက်ဖြင့် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရေးအတွက် ကျေးရွာသူ ကျေးရွာသားများ၏ အများသဘောဆန္ဒနှင့်အညီ ကော်မတီဝင် ခုနစ်ဦးစီကို ရွေးချယ်ဖွဲ့စည်းပေးခဲ့ကြောင်း သိရသည်။ **ဖြိုးကျော်(ပုံတောင်မြေ)**

☆ ရှေ့ဖုံးမှ

သင်တန်းဖွင့်ပွဲ အခမ်းအနားများသို့ ကာကွယ်ရေးဦးစီးချုပ် (ရေ) ဗိုလ်ချုပ်ကြီး ထိန်ဝင်း၊ ပြည်နယ်ဝန်ကြီးချုပ်များ၊ သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်များမှတိုင်းမှူးများ၊ ရေတပ်ကွပ်ကဲမှုဌာနချုပ်မှူးများ၊ ရေတပ်စခန်းဌာနချုပ်မှူးများနှင့် တာဝန်ရှိသူများ တက်ရောက်၍ ဖွင့်လှစ်ပေးကြသည်။

ရေကြောင်းလူငယ် အခြေခံသင်တန်းနှင့် တန်းမြင့်သင်တန်းများတွင် တပ်မတော်(ရေ)သမိုင်း၊ လွတ်လပ်ရေးကြိုးပမ်းမှုနှင့် တပ်မတော် သမိုင်းဘာသာရပ်၊ အခြေခံစစ်ရေးပြနှင့် အခြေခံရေတပ်သားဘာသာရပ်၊ ရေကြောင်းလမ်းညွှန် အခြေခံသဘောတရားများ၊ အသုံးချရေကြောင်းလမ်းညွှန်နှင့် နက္ခတ္တဗေဒဆိုင်ရာများ၊ ဂျီပီအက်စ်အပါအဝင် ရေကြောင်းသွားလာရေးဆိုင်ရာများ၊ အခြေခံရေတပ်သားအချက်ပြ ဆက်သွယ်ရေးဆိုင်ရာ၊ အခြေခံရေကူးနှင့် လှေလှော်ရွက်တိုက်နည်းတို့ကို စာတွေ့/လက်တွေ့ သင်ကြားပေးသွားမည်ဖြစ်ပြီး သင်တန်းစခန်း ၁၃ ခုမှ သင်တန်းသား သင်တန်းသူများအား သင်တန်းစတုတ္ထပတ်၌ ရန်ကုန်မြို့တွင် စုစည်း၍ စခန်းပေါင်းစုံတွေ့ဆုံပွဲ၊ ဘာသာရပ်ဆိုင်ရာ စွမ်းရည်ပြိုင်ပွဲများ ပြုလုပ်သွားမည်ဖြစ်သည်။

ထို့အပြင် လေ့လာရေးခရီးစဉ်များအဖြစ် နေပြည်တော်ကောင်စီနယ်မြေနှင့် ရန်ကုန်မြို့တို့ရှိ တန်ခိုးကြီးဘုရားများ၊ အထင်ကရနေရာများ၊ တပ်မတော်လေယာဉ်နှင့် စစ်ရေယာဉ်များ လေ့လာရေးများအပြင် စစ်ရေယာဉ်ဖြင့် ရန်ကုန်မြစ်ဝသို့ ရေလမ်းကြောင်း လေ့လာရေးခရီးစဉ် ပို့ဆောင်ခြင်းများကိုလည်း ပြုလုပ်သွားမည်ဖြစ်ကြောင်း သိရသည်။

ထို့နောက် ကာကွယ်ရေးဦးစီးချုပ်(ရေ)နှင့် တာဝန်ရှိသူများက ခင်းကျင်းပြသထားသော သင်ထောက်ကူပစ္စည်းများနှင့် တပ်မတော်(ရေ)ပြကွက်များအား လှည့်လည်ကြည့်ရှုပြီး စုပေါင်းဓာတ်ပုံရိုက်ကြသည်။

သင်တန်းဖွင့်ပွဲများကို နေပြည်တော်ကောင်စီနယ်မြေ၊ မန္တလေးတိုင်းဒေသကြီးတွင် မန္တလေးမြို့၊ ရန်ကုန်တိုင်းဒေသကြီးတွင် ရန်ကုန်မြို့နှင့် ကိုကိုးကျွန်းမြို့၊ ဧရာဝတီတိုင်းဒေသကြီးတွင် ဟိုင်းကြီးကျွန်းမြို့နှင့် ပုသိမ်မြို့၊ မွန်ပြည်နယ်တွင် မော်လမြိုင်မြို့၊ တနင်္သာရီတိုင်းဒေသကြီးတွင် ဟိန်းဇဲဒေသ၊ မြိတ်မြို့နှင့် ကျွန်းစုမြို့၊ ကရင်ပြည်နယ်တွင် ဘားအံမြို့နှင့် ရှမ်းပြည်နယ်တွင် ကျိုင်းတုံမြို့တို့ရှိ ရေကြောင်းလူငယ်စခန်းများ၌ စုစုပေါင်း သင်တန်းသား သင်တန်းသူ ၈၀၀ ဖြင့် ဖွင့်လှစ်ကြသည်။

အဆိုပါ ရေကြောင်းလူငယ်အခြေခံနှင့် တန်းမြင့်သင်တန်းအမှတ်စဉ် (၁/၂၀၂၆)ကို ယနေ့မှ မေ ၂၉ ရက်အထိ ရက်သတ္တ ၅ ပတ်ကြာ သင်ကြားပို့ချပေးသွားမည်ဖြစ်ကြောင်း သိရသည်။ ယင်းသင်တန်းများကို ၁၉၅၉ ခုနှစ်မှစတင်၍ ဖွင့်လှစ်ခဲ့ခြင်းဖြစ်ပြီး ၂၀၂၄ ခုနှစ်အထိ ရေကြောင်းလူငယ်အခြေခံနှင့် တန်းမြင့် သင်တန်းသား သင်တန်းသူ စုစုပေါင်း ၆၅၅၀ တို့အား ဖွင့်လှစ်သင်ကြားပေးနိုင်ခဲ့ပြီးဖြစ်ကြောင်း သိရသည်။



စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးကိုလေး မုံရွာမြို့တွင်ဖွင့်လှစ်သည့် အခြေခံလေကြောင်း လူငယ်သင်တန်းအမှတ်စဉ်(၁၀)မှ သင်တန်းသား သင်တန်းသူများအား လိုက်လံတွေ့ဆုံ နှုတ်ဆက်စဉ်။

အလားတူ ကျောင်းသား ကျောင်းသူ မျိုးဆက်သစ် လူငယ်မောင်မယ်များ နွေရာသီကျောင်းပိတ်ရက်ကာလအတွင်း လေကြောင်းပညာသမိုင်းကို လေ့လာခြင်းဖြင့် လေကြောင်းနှင့် အာကာသသိပ္ပံ ပညာရပ်များတွင် စိတ်ဝင်စားမှု တိုးပွားလာစေရန်၊ လေယာဉ်ပျံသန်းမှုနှင့် သက်ဆိုင်သောပညာရပ်များကို တတ်သိနားလည်ခြင်းဖြင့် နိုင်ငံတော်ကာကွယ်ရေးလုပ်ငန်းများတွင် အထောက်အကူဖြစ်လာစေရန်၊ စိတ်ဓာတ်၊ စည်းကမ်းနှင့် ကိုယ်လက်ကြံ့ခိုင်မှု ကောင်းမွန်မြင့်မားပြီး စည်းလုံးညီညွတ်စွာ စုပေါင်းဆောင်ရွက်မှု အလေ့အကျင့်ရရှိစေရန်နှင့် လူငယ်များ၏ ဝါသနာပါရာ လေ့ကျင့်မှုအနေဖြင့် မြှင့်တင်ပေးရန်၊ မျိုးဆက်သစ်လူငယ်မောင်မယ်များကို ယုံကြည်ချက်၊ ခံယူချက် မြင့်မားမှန်ကန်စေပြီး အနာဂတ်တပ်မတော်နှင့် နိုင်ငံတော်တည်ဆောက်နိုင်ရေးအတွက် လူ့စွမ်းအားအရင်းအမြစ်များ မွေးထုတ်ပေးနိုင်ရန် ရည်ရွယ်၍ ကာကွယ်ရေးဦးစီးချုပ်ရုံး(လေ)မှ ကြီးမှူးဖွင့်လှစ်သည့် အခြေခံလေကြောင်းလူငယ်သင်တန်း အမှတ်စဉ် (၁၀)နှင့် တန်းမြင့်လေကြောင်းလူငယ်သင်တန်း အမှတ်စဉ် (၉) သင်တန်းဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော် သင်တန်းစခန်းအပါအဝင် သင်တန်းစခန်း ၂၀ ၌ ကျင်းပသည်။

အခြေခံလေကြောင်းလူငယ်သင်တန်း အမှတ်စဉ် (၁၀)၊ နေပြည်တော် သင်တန်းစခန်း သင်တန်းဖွင့်ပွဲအခမ်းအနားသို့ ကာကွယ်ရေးဦးစီးချုပ် (လေ) ဒုတိယဗိုလ်ချုပ်ကြီး ထွန်းဝင်း၊ ဒုတိယဝန်ကြီးများ၊ နေပြည်တော်ကောင်စီနယ်မြေမှ တာဝန်ရှိသူများ၊ တပ်မတော်အရာရှိကြီးများနှင့် ဖိတ်ကြားထားသော ဧည့်သည်တော်များ၊ သင်တန်းနည်းပြများနှင့် သင်တန်းသားများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ကာကွယ်ရေးဦးစီးချုပ်(လေ) ဒုတိယဗိုလ်ချုပ်ကြီး ထွန်းဝင်းက သင်တန်းဖွင့်မိန့်ခွန်းပြောကြားသည်။ ထို့နောက် သင်တန်းသားများအတွက် အသုံးအဆောင်ပစ္စည်းများ ပေးအပ်၍ ခင်းကျင်းပြသထားသော သင်ထောက်ကူပစ္စည်းများနှင့် တပ်မတော်(လေ)ပြကွက်များအား လှည့်လည်ကြည့်ရှုပြီး စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံ ရိုက်ကြသည်။

အခြေခံလေကြောင်း လူငယ်သင်တန်းတွင် လေကြောင်းပညာသမိုင်း၊ လေကြောင်းလူငယ်သမိုင်း၊ လေယာဉ်ပျံသန်းမှု အခြေခံသဘောတရား၊ RC Simulator မောင်းနှင်ခြင်း၊ RC လေယာဉ်/ ရဟတ်ယာဉ်မောင်းနှင်ခြင်းနှင့် အခြေခံစစ်ရေးပြ (လက်နက်မဲ့)ဘာသာရပ်များ သင်ကြားပို့ချပေးသွားမည်ဖြစ်သည်။ တန်းမြင့်လေကြောင်းလူငယ်သင်တန်းတွင် လေကြောင်းဆိုင်ရာအခြေခံ ဗဟုသုတ၊ Airfield Procedure၊ RC လေယာဉ်/ ရဟတ်ယာဉ်မောင်းနှင်ခြင်း၊ Flight Simulator မောင်းနှင်ခြင်း၊ အခြေခံစစ်ရေးပြ(လက်နက်ပါ)၊ လွတ်လပ်ရေးကြိုးပမ်းမှုသမိုင်းနှင့် ဇာတိသွေး၊ ဇာတိမာန် ဘာသာရပ်များ ထည့်သွင်းပို့ချပေးသွားမည်ဖြစ်ပြီး တပ်မတော်(လေ)တွင်ရှိသော ပျံသန်းရေးအုပ်များ ပြုပြင်ထိန်းသိမ်းရေးအလုပ်ရုံများတွင် လက်တွေ့ကွင်းဆင်းလေ့လာခြင်းများ ဆောင်ရွက်ပေးသွားမည်ဖြစ်သည်။

ထို့အပြင် သင်တန်းစခန်းများအလိုက် ထူးချွန်သင်တန်းသားများအား အမောင်းသင်လေယာဉ်/ ရဟတ်ယာဉ်များအား နည်းပြဆရာများနှင့်အတူ ကိုယ်တိုင်လိုက်ပါမောင်းနှင်ပျံသန်းခွင့် ရရှိအောင် ဆောင်ရွက်ပေးသွားမည်ဖြစ်ကာ နေပြည်တော်ကောင်စီနယ်မြေ၌ စုဖွဲ့ချိန်တွင်လည်း အခြေခံလေကြောင်းလူငယ်သင်တန်းသားများအား အခြေခံစစ်ရေးပြ(လက်နက်မဲ့) ပြိုင်ပွဲ၊ RC Simulator နှင့် RC လေယာဉ်/ ရဟတ်ယာဉ်မောင်းနှင်ခြင်း ပြိုင်ပွဲများ ကျင်းပပေးသွားမည်ဖြစ်ပြီး တန်းမြင့်လေကြောင်းလူငယ်သင်တန်းသားများအား အခြေခံစစ်ရေးပြ (လက်နက်ပါ)ပြိုင်ပွဲ၊ Flight Simulator နှင့် RC လေယာဉ်/ ရဟတ်ယာဉ် မောင်းနှင်ခြင်းပြိုင်ပွဲများ ကျင်းပပေးသွားမည်ဖြစ်သည်။

သင်တန်းကာလအတွင်း နေပြည်တော်ကောင်စီနယ်မြေနှင့် ရန်ကုန်မြို့တို့ရှိ တန်ခိုးကြီးဘုရားများ၊ အထင်ကရနေရာများ၊ လေတပ်စခန်းဌာနချုပ်များနှင့် လေတပ်စခန်းများရှိ ပျံသန်းရေးအုပ်များကို လေ့လာရေးခရီးစဉ်များ ပို့ဆောင်ပေးသွားမည်ဖြစ်ပြီး တပ်မတော်လေယာဉ်နှင့် တပ်မတော်စစ်ရေယာဉ်များကိုပါ လိုက်ပါစီးနင်းခွင့်ရရှိအောင်လည်း ဆောင်ရွက်ပေးသွားမည်ဖြစ်၍ သင်တန်းသားများအနေဖြင့် အတွေ့အကြုံအသစ်များ ဗဟုသုတအသစ်များရရှိမည် ဖြစ်သည်။

ထို့အတူ မန္တလေးတိုင်းဒေသကြီး မိတ္ထီလာမြို့တွင် မြန်မာပြည်မြောက်ပိုင်း သင်တန်းစခန်းနှင့် မိတ္ထီလာသင်တန်းစခန်း၊ မန္တလေးမြို့တွင် မန္တလေးသင်တန်းစခန်း၊ ရန်ကုန်တိုင်းဒေသကြီး၊ မှော်ဘီမြို့တွင် မြန်မာပြည်တောင်ပိုင်း သင်တန်းစခန်း၊ မင်္ဂလာဒုံမြို့တွင် ရန်ကုန်သင်တန်းစခန်း၊ ကိုကိုးကျွန်းမြို့တွင် ကိုကိုးကျွန်းသင်တန်းစခန်း၊ မွန်ပြည်နယ် မော်လမြိုင်မြို့တွင် မော်လမြိုင်သင်တန်းစခန်း၊ ရှမ်းပြည်နယ် နမ့်စန်မြို့တွင် နမ့်စန်သင်တန်းစခန်း၊ တောင်ကြီးမြို့တွင် တောင်ကြီးသင်တန်းစခန်း၊ ကျိုင်းတုံမြို့တွင် ကျိုင်းတုံသင်တန်းစခန်း၊ ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့တွင် တောင်ငူသင်တန်းစခန်း၊ ပြည်မြို့တွင် ပြည်သင်တန်းစခန်း၊ ကချင်ပြည်နယ် မြစ်ကြီးနားမြို့တွင် မြစ်ကြီးနားသင်တန်းစခန်း၊ ကယားပြည်နယ် လွိုင်ကော်မြို့တွင် လွိုင်ကော်သင်တန်းစခန်း၊ တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့တွင် မြိတ်သင်တန်းစခန်း၊ မကွေးတိုင်းဒေသကြီး၊ မကွေးမြို့တွင် မကွေးသင်တန်းစခန်း၊ စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့တွင် မုံရွာသင်တန်းစခန်း၊ ဟုမ္မလင်းမြို့တွင် ဟုမ္မလင်းသင်တန်းစခန်းနှင့် ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့တွင် ပုသိမ်သင်တန်းစခန်းတို့အား တစ်ပြိုင်နက်တည်း ဖွင့်လှစ်ခဲ့ကြပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ဝန်ကြီးချုပ်များ၊ သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်များမှ တိုင်းမှူးများ၊ လေတပ်ကွပ်ကဲမှုဌာနချုပ်မှူးများ၊ လေတပ်စခန်းဌာနချုပ်မှူးများနှင့် တာဝန်ရှိသူများက တက်ရောက်ကြသည်။

အဆိုပါအခြေခံလေကြောင်းလူငယ်သင်တန်း အမှတ်စဉ်(၁၀)အား သင်တန်းစခန်း ၁၈ ခု သင်တန်းသား ၉၂၈ ဦးဖြင့် လည်းကောင်း၊ တန်းမြင့်လေကြောင်း လူငယ်သင်တန်းအမှတ်စဉ်(၉) အား သင်တန်းစခန်း နှစ်ခု၊ သင်တန်းသား ၁၁၆ ဦးတို့ဖြင့် လည်းကောင်း ယနေ့မှ မေ ၂၉ ရက်အထိ ဖွင့်လှစ်ပို့ချသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# ပုသိမ်မြို့၌ ကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးဆိုင်ရာ တိုင်းဒေသကြီးအဆင့် နည်းပြ(ဆင့်ပွား)ဆွေးနွေးပွဲ ဖွင့်ပွဲကျင်းပ

ပုသိမ် မေ ၂၇

ဧရာဝတီတိုင်းဒေသကြီး ပညာရေးမှူးရုံးက ကြီးမှူးဖွင့်လှစ်သည့် KGနှင့် Grade–1 သင်ပြနည်းစနစ်နှင့် မူကြိုသင်ပြနည်းစနစ် ချိတ်ဆက်ဆောင်ရွက်နိုင်ရေး ရှေးဦးအရွယ်ကလေးသူငယ် ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးဆိုင်ရာ တိုင်းဒေသကြီးအဆင့် နည်းပြ(ဆင့်ပွား)ဆွေးနွေးပွဲ ဖွင့်ပွဲကို ယနေ့နံနက်ပိုင်းက ပုသိမ်မြို့ အထက(၁)ရတနာတန်ဆောင်ခန်းမ၌ ကျင်းပသည်။

ဦးစွာ ဧရာဝတီတိုင်းဒေသကြီးပညာရေးမှူးကိုယ်စား ညွှန်ကြားရေးမှူး(ပညာ) ဒေါက်တာ သင်းမာလာက ဆရာ ဆရာမများအနေဖြင့် မိမိတို့သင်ကြားနေသည့်အတန်းနှင့် ဆက်စပ်နေသော ရှေးဦးအရွယ်ကလေးငယ်များ၏ ဘဝကို ဖွံ့ဖြိုးတိုးတက်အောင် ပြုစုပျိုးထောင်ရမည့် တာဝန်ဝတ္တရားများကို နားလည်သိရှိနိုင်ရေး၊ ကလေးငယ်များ ရခဲ့သည့် ပျော်ရွှင်မှုနှင့် ဖွံ့ဖြိုးမှုများကို KG နှင့် Grade–1 တွေအထိ ဆက်လက်ပါရှိသွားနိုင်ရေးနှင့် ဆရာ ဆရာမများကလည်း သင်ပြနည်းစနစ်တွေကို တစ်ဦးနှင့်တစ်ဦး ညှိနှိုင်းဖလှယ်ခြင်းအားဖြင့် ကလေးငယ်များအတွက် ကျောင်းနေပျော်၍ စာတော်သော ပတ်ဝန်းကျင်တစ်ခု ဖန်တီးပေးနိုင်ရေးအတွက် ယခုလိုဆွေးနွေးပွဲများကို ပြုလုပ်ပေးရခြင်းဖြစ်ကြောင်း ပြောကြားသည်။

အဆိုပါသင်တန်းသို့ ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၂၆ မြို့နယ်မှ KG နှင့် Grade–1 အတန်းတို့တွင် သင်ကြားနေသော ဆရာ ဆရာမ ၂၆၂ ဦး တက်ရောက်ကြပြီး သင်တန်းကာလမှာ မေ ၂၇ ရက်မှ မေ ၉ ရက်အထိ ၁၀ ရက်ကြာ သင်ကြားပို့ချဆွေးနွေးသွားမည်ဖြစ်ကြောင်း သိရသည်။



**တိုင်းဒေသကြီး(ပြန်/ဆက်)**

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိန်းကျော် တောင်ကြီးမြို့ရှိ နည်းပညာတက္ကသိုလ်(တောင်ကြီး)နှင့် အစိုးရစက်မှုလက်မှုသိပ္ပံ(တောင်ကြီး)သို့ သွားရောက်ကြည့်ရှုစစ်ဆေး

**နေပြည်တော် ဧပြီ ၂၇**

သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိန်းကျော်သည် ပြည်နယ်လူမှုရေးရာဝန်ကြီး ဒေါ်နန်းခမ်းလူ၊ တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် နည်းပညာတက္ကသိုလ်(တောင်ကြီး)သို့ သွားရောက်ကြည့်ရှုစစ်ဆေးသည်။

**ကြည့်ရှုစစ်ဆေး**

ဦးစွာ နည်းပညာတက္ကသိုလ်(တောင်ကြီး)၏ စကေးကိုက် အကွက်ချပုံစံပေါ်မူတည်၍ အဆောက်အအုံများတည်ဆောက်ထားရှိမှုများကို မြေပြင်ကွင်းဆင်းစစ်ဆေးပြီး အဆောက်အအုံအသစ်များ ထပ်မံဖြည့်းဆည်းဆောင်ရွက်ရာတွင် သတ်မှတ်ဇုန်အလိုက် အစီအစဉ်တကျနှင့် စနစ်တကျ တည်ရှိနိုင်ရေး၊ ဥပမိရုပ်ကောင်းမွန်စေရေး၊ နောင်အနာဂတ်တွင် ထပ်မံဖြည့်ဆည်းဆောင်ရွက်ရန် အခြေခံအဆောက်အအုံ လိုအပ်ချက်ပေါ်မူတည်၍ ဖြစ်ပေါ်လာနိုင်မည့် အခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ပါမောက္ခချုပ်၊ ဌာနမှူးများ၊ ဆရာ ဆရာမများ၊ ဝန်ထမ်းများနှင့် တွေ့ဆုံရာ ပါမောက္ခချုပ်က တက္ကသိုလ်နှင့်စပ်လျဉ်း၍ တင်ပြပြီး ပြည်ထောင်စုဝန်ကြီးက ပြင်ဆင်ဆောင်ရွက်မည့် စာသင်ဆောင်များ၊ Lab ခန်းများ၊ အလုပ်ရုံများ၊ အသစ်တည်ဆောက်မည့် ကျောင်းသား ကျောင်းသူအဆောင်၊ ဒုတိယပါမောက္ခချုပ်အိမ်ရာ၊ အရာရှိအိမ်ရာများနှင့် ဆရာ ဆရာမအိမ်ရာများ ဆောက်လုပ်မည့်မြေနေရာတို့ကို ကြည့်ရှုစစ်ဆေးကာ အနာဂတ်တွင်ဖြစ်ပေါ်လာမည့် လိုအပ်ချက်များနှင့်အညီ တင်ပြဆောင်ရွက်ရန်၊ ဗလငါးတန်နှင့်ပြည့်စုံသည့် ကျောင်းသား ကျောင်းသူများ မွေးထုတ်နိုင်ရေးနှင့် သင်ကြားသင်ယူမှု ပတ်ဝန်းကျင်ကောင်းများ ဖြစ်နေစေရေး အစဉ်ကြိုးပမ်းဆောင်ရွက်စေလိုပါကြောင်း၊ တက္ကသိုလ် သန့်ရှင်းသာယာလှပရေးနှင့် စိမ်းလန်းစိုပြည်ရေးကို ဂရုတစိုက်ဆောင်ရွက်ပေးစေလိုကြောင်း မှာကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးစိုင်းထိန်စိုး၊ ပြည်နယ်တာဝန်ရှိသူများနှင့်အတူ အစိုးရစက်မှုလက်မှုသိပ္ပံ(တောင်ကြီး)သို့သွားရောက်၍ လက်တွေ့ခန်းများ ပြင်ဆင်ထားရှိမှုကို ကြည့်ရှုစစ်ဆေးပြီး ကျောင်းအစည်းအဝေးခန်းမတွင် ကျောင်းနှင့်စပ်လျဉ်းသည့် အချက်အလက်တင်ပြချက်များအပေါ် လိုအပ်သည်များ မှာကြားဖြည့်ဆည်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။



**သတင်းစဉ်**

# အခြေခံပညာနှင့် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေး အထက်တန်းကျောင်း ဆရာ ဆရာမများအတွက် စိုက်ပျိုးရေးနှင့် မွေးမြူရေး အထူးပြုဘာသာရပ်ဆိုင်ရာ ကျွမ်းကျင်မှုစွမ်းရည်မြှင့်သင်တန်း ဖွင့်လှစ်

**နေပြည်တော် ဧပြီ ၂၇**

အခြေခံပညာနှင့် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေး အထက်တန်းကျောင်းများတွင် Grade-10၊ Grade-11၊ Grade-12 သင်ကြားရေးတာဝန်ယူကြမည့် ဆရာ ဆရာမများအတွက် စိုက်ပျိုးရေးနှင့် မွေးမြူရေး အထူးပြု ဘာသာရပ်ဆိုင်ရာ ကျွမ်းကျင်မှုစွမ်းရည်မြှင့်တင်ရေး သင်တန်းဖွင့်ပွဲကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်၌ ကျင်းပသည်။

**မွေးထုတ်ပေးနိုင်မည်**

အခမ်းအနားတွင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်က စိုက်ပျိုးမွေးမြူရေးနှင့်ပတ်သက်၍ လူသားအရင်းအမြစ်များ ရရှိစေရေးအတွက် အခြေခံပညာအလယ်တန်းအဆင့် (Grade - 6၊ 7၊ 8၊ 9)အတန်းများကပင် စက်မှု၊ စိုက်ပျိုးရေးနှင့် မွေးမြူရေး ဘာသာရပ်ဆိုင်ရာ အခြေခံ ဗဟုသုတများ ရရှိလာစေရန် နိုင်ငံတော်အစိုးရ၏ လမ်းညွှန်ချက်အရ သင်ကြားပို့ချပေးနိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း၊ ရရှိလာသည့် ပညာရပ်ဆိုင်ရာ ဗဟုသုတများအပေါ် မူတည်၍ ရွေးချယ်လာသော စိုက်ပျိုးရေး၊ မွေးမြူရေး ဘာသာရပ်များကို Grade-10၊ Grade-11၊ Grade-12 အဆင့်တွင် ဆက်လက်သင်ယူပြီး သက်ဆိုင်ရာ စိုက်ပျိုးရေးတက္ကသိုလ်၊ မွေးမြူရေးဆိုင်ရာ ဆေးတက္ကသိုလ် တို့တွင် တက်ရောက်သင်ယူကာ နိုင်ငံတော်၏ လူ့စွမ်းအားအရင်းအမြစ်များ မွေးထုတ်ပေးနိုင်မည် ဖြစ်ပါကြောင်း။

စိုက်ပျိုးမွေးမြူရေး ထုတ်လုပ်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိကအရေးပါသော လူ့စွမ်းအားအရင်းအမြစ်များကို သင်ကြားလေ့ကျင့် မွေးထုတ်ပေးကြမည့် ဆရာ ဆရာမများ အနေဖြင့် မိမိတို့၏တပည့်များ ထူးချွန်ထက်မြက်ရေးအတွက် စေတနာ၊ ဝါသနာ၊ အနစ်နာဟူသည့် နာ သုံးနာကို အခြေခံထားပြီး ဆရာစိတ်ဓာတ် မွေးမြူကာ မိမိတို့ တတ်မြောက်ထားသည့် အတတ်ပညာ၊ လေ့လာခဲ့သော အတွေ့အကြုံ ဗဟုသုတများကို အခြေခံပြီး တပည့်ကျောင်းသား ကျောင်းသူများကို အကောင်းဆုံးလေ့ကျင့် ပြုစုပျိုးထောင်ပေးနိုင်ရန် ကြိုးပမ်းကြစေလိုကြောင်း ပြောကြားသည်။

၂၀၂၆-၂၀၂၇ ပညာသင်နှစ်အတွက်ဖွင့်လှစ်သည့် ယခုသင်တန်းသည် စတုတ္ထအကြိမ်မြောက် ဖွင့်လှစ်ခြင်းဖြစ်ပြီး ဖွင့်ပွဲသို့ ဒုတိယဝန်ကြီးများ၊ အမြဲတမ်းအတွင်းဝန်နှင့် တာဝန်ရှိသူများ၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးအထူးပြုဘာသာရပ်ဆိုင်ရာကျွမ်းကျင်မှုစွမ်းရည်မြှင့်တင်ရေး သင်တန်းသားသင်တန်းသူ ၃၈၀ ဦးတို့ တက်ရောက်ကြသည်။

အခမ်းအနား အပြီးတွင် ပြည်ထောင်စု ဝန်ကြီးသည် တပ်ကုန်းမြို့နယ် သရက်ကွင်းကျေးရွာအနီး၌ အသစ်တည်ဆောက် လျက်ရှိသည့် ဆင်သေရေလွှဲဆည် တည်ဆောက်ရေးစီမံကိန်းကို ကြည့်ရှုစစ်ဆေးပြီး ပြည်ထောင်စုဝန်ကြီးက ၂၀၂၇ ခုနှစ် မိုးရာသီအမီ လုပ်ငန်းများပြီးစီးရေး၊ ပုံစံ(၇)ရှိပြီး လယ်မြေများအတွက် လယ်မြေများ စနစ်တကျ ဖော်ထုတ်ပေးခြင်းကို အုပ်ချုပ်ရေး အဖွဲ့များနှင့် သက်ဆိုင်ရာဌာနများ ပူးပေါင်း၍ ကွင်းဆင်း ဆောင်ရွက်ရန် ဆွေးနွေးမှာကြားသည်။

ထို့နောက် စိုက်ပျိုးရေးနှင့် မွေးမြူရေးသိပ္ပံ (ပျဉ်းမနား)ရှိ မျိုးစေ့စမ်းသပ်စိုက်ပျိုးကွင်း၌ ရွှေတောင်-၁၀ နှင့် RAKA 666 ဝါမျိုး နှစ်မျိုး စမ်းသပ်စိုက်ပျိုးထားမှုကို ကွင်းဆင်းစစ်ဆေးပြီး ပြည်ထောင်စု ဝန်ကြီးက အကြိမ်ကြိမ် ဝါဆွတ်ဝါကောက်ခြင်းနှင့် တစ်ကြိမ်တည်းအပြီး ဝါကောက်သိမ်းခြင်းတွင် ဝါအထွက်နှုန်းနှင့် အကျိုးအမြတ်တူနိုင်သော်လည်း ဝါစိုက်ပျိုးဆွတ်ခူးချိန်ကာလတိုခြင်း၊ တစ်ဧက အထွက်နှုန်းကို တစ်ကြိမ်တည်းဖြင့် အမှန်ရရှိစေနိုင်ခြင်း၊ လုပ်သားရှားပါးမှုအခက်အခဲကို တောင်သူများ ကျော်လွှားနိုင်ခြင်း စသည့်အကျိုးကျေးဇူးများ ရရှိမည်ဖြစ်ကြောင်း ဆွေးနွေးမှာကြားခဲ့ကြောင်း သိရသည်။



**သတင်းစဉ်**

# တိုက်ကြီးမြို့နယ်၌ တောင်သူများသို့ တိုက်ရိုက်မျိုးစေ့ချကိရိယာ၊ ရေတင်ဆိုလာပန့်၊ စပါးမျိုးသန့်မျိုးပွားမျိုးစေ့၊ ပိုက်ဆံလျှော်မျိုးစေ့နှင့် သဘာဝမြေဩဇာများပေးအပ်ပွဲအခမ်းအနား ကျင်းပ



**ရန်ကုန် ဧပြီ ၂၇**

၂၀၂၅-၂၀၂၆ ခုနှစ် နွေစပါးစံကွက်ရိတ်သိမ်းခြင်း၊ ၂၀၂၆-၂၀၂၇ မိုးစပါးအတွက် တောင်သူများသို့ တိုက်ရိုက်မျိုးစေ့ချကိရိယာ၊ ရေတင်ဆိုလာပန့်၊ စပါးမျိုးသန့်မျိုးပွားမျိုးစေ့၊ ပိုက်ဆံလျှော်မျိုးစေ့နှင့် သဘာဝမြေဩဇာများပေးအပ်ပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး တိုက်ကြီးမြို့နယ် ရင်းတိုက်ကွင်းကျေးရွာ တောင်သူ ဦးစိုးထွန်း၏လယ်မြေ၌ ကျင်းပသည်။

အခမ်းအနားသို့ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးအောင်နိုင်သူ၊ တိုင်းဒေသကြီးဝန်ကြီးများ၊ ခရိုင်/မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ၊ တိုက်ကြီးခရိုင်အတွင်းရှိ တောင်သူများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် တိုင်းဒေသကြီးဝန်ကြီးချုပ်က အမှာစကားပြောကြားပြီး တိုက်ကြီးခရိုင် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌက ခရိုင်အတွင်း စိုက်ပျိုးရေးလုပ်ငန်း ဆောင်ရွက်နေမှုများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် တိုက်ရိုက်မျိုးစေ့ချကိရိယာ၊ ရေတင်ဆိုလာပန့်၊ စပါးမျိုးသန့် မျိုးပွားမျိုးစေ့၊ ပိုက်ဆံလျှော်မျိုးစေ့နှင့် သဘာဝမြေဩဇာများကို တောင်သူများထံ ပေးအပ်ပြီး ကောက်ရိုးထုံးစက်ဖြင့် ကောက်ရိုးထုံးနေမှုနှင့် ရိတ်သိမ်းခြွေလှေ့စက်ဖြင့် နွေစပါးစံကွက်ရိတ်သိမ်းနေမှု၊ စပါးမျိုးစေ့နမူနာများ ပြသထားရှိမှု၊ ဓာတ်မြေဩဇာများ၊ ကော်ဖီပျိုးပင်များ၊ စိုက်ပျိုးရေးသုံးပစ္စည်းများ၊ အနိမ့်တင်ဆိုလာ ရေတင်စက်များနှင့် မျိုးစေ့ချကိရိယာများကို ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

**ဇွဲထက်ကို(ပြန်/ဆက်)**

# သင်္ဂါယနာသမိုင်း

မောင်ပုည



ပဉ္စမသင်္ဂါယနာတင် သရုပ်ဖော်ပုံကို တွေ့ရစဉ်။

### ပဉ္စမသင်္ဂါယနာသမိုင်း
### မြန်မာနိုင်ငံသို့ ပထမသာသနာရောက်ရှိခြင်း

မြတ်စွာဘုရားရှင် ဘုရားဖြစ်တော်မူပြီးနောက် ရာဇာယတနသတ္တာဟအဖြစ် လင်းလွန်းပင်ရင်း၌ သီတင်းသုံးတော်မူစဉ် ဥက္ကလာမည်သော ဇနပုဒ်မှ တပုဿနှင့်ဘလ္လိက ကုန်သည်ညီနောင်နှစ်ယောက်တို့သည် ဘုရားပွင့်ရာ မဇ္ဈိမဒေသသို့ ကူးသန်းရောင်းဝယ်လာကြသည်။ ထိုညီနောင်တို့၏ ရှေးဘဝကဆွေမျိုးတော်စပ်ခဲ့ဖူးသော နတ်က ကိုယ်ထင်ပြ၍ လောက၌ ဘုရားရှင်ပွင့်တော်မူလာကြောင်းကို ပြောပြပြီးလျှင် သူတို့၌ပါလာသော မုန့်များကို ဆက်ကပ်လှူဒါန်းရန် တိုက်တွန်းသဖြင့် ဘုရားရှင်ထံသို့ ချဉ်းကပ်ကြ၍ပါလာသော မုန့်များကို လှူဒါန်းလေရာ မြတ်စွာဘုရားရှင်သည် စတုမဟာရာဇ်နတ်မင်းကြီးလေးပါး ဆက်ကပ်လှူဒါန်းသော သပိတ်တော်လေးလုံးကို အနားလေးရစ်ပါသော သပိတ်တစ်လုံးအဖြစ်ပြုပြီးလျှင် ထိုသပိတ်တော်ဖြင့် အလှူခံတော်မူခဲ့သည်။

တပုဿနှင့်ဘလ္လိက ကုန်သည်ညီနောင်တို့သည် မြတ်စွာဘုရားရှင် ဆွမ်းဘုဉ်းပေးတော်မူသည်ကို ဖူးမြော်ကြည်ညိုပြီးနောက် "တပည့်တော်တို့သည် မြတ်စွာဘုရားနှင့် တရားတော်မြတ်ကို ဆည်းကပ်ကိုးကွယ်ပါ၏။ ယနေ့မှစ၍ ဥပါသကာအဖြစ် မှတ်တော်မူပါ"ဟု လျှောက်ကြလေသည်။ ထိုသို့ ဒွေဝါစိကသရဏဂုံကို ခံယူဆောက်တည်ပြီးနောက် "တပည့်တော်တို့အား အမြဲမပြတ် ဆည်းကပ်ကိုးကွယ်ပူဇော်ဖို့ရန် ပူဇော်ဖွယ်ဝတ္ထုတစ်ခုခုကို ကရုဏာရှေ့ထား ပေးသနားတော်မူပါဘုရား"ဟု လျှောက်ထားကြပြန်ရာ မြတ်စွာဘုရားရှင်က လက်ယာလက်တော်ဖြင့် ဦးခေါင်းတော်ကို သုံးသပ်၍ ငြိကပ်ပါလာသော ဆံတော်ခတ်များကို ရှိခိုးပူဇော်နိုင်ရန် ကုန်သည်ညီနောင်တို့အား ချီးမြှင့်တော်မူလိုက်သည်။

ကုန်သည်ညီနောင်တို့လည်း ဆံတော်ခတ်တို့ကို ရရှိ၍ ဝမ်းမြောက်ဝမ်းသာစွာဖြင့် မိမိတို့နေထိုင်ရာ ဥက္ကလာပြည်၊ ပေါက္ခရဝတီမြို့သို့ ပြန်လည်ရောက်ရှိလျှင် ထိုဆံတော်ခတ်တို့ကို ရွှေကြုတ်အတွင်း ထည့်သွင်း၌ဌာပနာကာ စေတီတည်ထားကိုးကွယ်ကြလေသည်။

### ပဉ္စမသင်္ဂါယနာ ဒါယကာ မင်းတုန်းမင်း

ဘကြီးတော်မင်းနောက်တွင် သာယာဝတီမင်း နန်းတက်ခဲ့သည်။ သာယာဝတီမင်းနောက်တွင် ပုဂံမင်း၊ ပုဂံမင်းနောက်တွင် ကုန်းဘောင်မင်းဆက် ၁၀ ဆက်မြောက် မင်းတုန်းမင်းနန်းတက်ခဲ့သည်။ မင်းတုန်းမင်းသည် မင်းအဖြစ်သို့ရောက်သော် သာသနာတော်နှစ် ၂၄၀၃၊ ကောဇာသက္ကရာဇ် ၁၂၂၁ ခုနှစ်၊ ခရစ်နှစ် ၁၈၅၇ ခုနှစ်၊ မတ်လ ၆ ရက်နေ့တွင် မန္တလေးမြို့တော်သစ်တည်ထောင်ရန် မြေနေရာ၌ ရွှေထွန်၊ ငွေထွန်များဖြင့် မြေသန့်ခဲ့သည်။ ထိုသို့ မြို့တော်သစ် စတင်တည်ထောင်ရန် ဆောင်ရွက်စဉ်ကပင် သာသနာတော်ကို ကြည်ညိုမြတ်နိုးသော မင်းဖြစ်ရာ ရတနာပုံမန္တလေးမြို့တော်သစ် တည်ဆောက်ရေးတွင် မြို့တော်၊ ကျုံးတော်၊ စေတီတော်၊ သိမ်တော်၊ ကျောင်းတော်၊ ပိဋကတ်တိုက်တော်၊ သုဓမ္မာဇရပ်တော်အားဖြင့် ခုနစ်ဌာနကို တစ်ပြိုင်နက်တည်ထောင်ခဲ့သည်။ ဤခုနစ်ဌာနတွင် ငါးဌာနသည် သာသနာတော်အတွက်သာဖြစ်ရာ သာသနာတော်ကိုပါ အခိုင်အမာပန္နက်ချခဲ့သည်ဟု ဆိုထိုက်လှသည်။

### ပိဋကတ်တော်ပေမူများကို
### ရှေးဦးစွာသန့်စင်ခြင်း

ရှမ်းကလေးကျွန်းဆရာတော် အရှင်နန္ဒကို ပုဂံမင်း၏ဆရာဖြစ်သော ဒုတိယဗားကရာသာသနာပိုင်ဆရာတော် အရှင်ပညာဇောတက "အမရပူရ၊ အင်းဝ၊ စစ်ကိုင်း သုံးနယ်မှထွက်စေ"ဟု နယ်နှင်သည်ကို မင်းတုန်းမင်းသားဘဝက သိရှိခဲ့သဖြင့် **"လဇ္ဇီ၊ သီလဝန်ပုဂ္ဂိုလ်များ ညှဉ်းပန်းနှိပ်စက်ခံနေကြရခြင်းမျိုး ငါအထွတ်အမြတ်ရောက်က မဖြစ်စေရ၊ သာသနာတော်ကောင်းစေရန် လဇ္ဇီ၊ သီလဝန် ပညာဝန်ပုဂ္ဂိုလ်တို့အား ချီးမြှောက်အားပေးမည်"** ဟု နှလုံးသွင်းရှိခဲ့သည့်အတိုင်းပင် မင်းတုန်းမင်းသည် သာသနာတော်အရေးကို အထူးပင်အလေးဂရုပြုခဲ့ပါသည်။

သာသနာတော်၏အသက်သည် ပရိယတ္တိပင်ဖြစ်၍ ပရိယတ္တိ၏အသက်သည် စင်ကြယ်သော ပိဋကတ်တော်များဖြစ်ရာ မင်းတုန်းမင်းကြီးသည် ရွှေဘိုမြို့မှ အမရပူရမြို့သို့ ရောက်ရှိသည်နှင့် တစ်ပြိုင်နက် မြန်မာသက္ကရာဇ် ၁၂၁၈ ခုနှစ်မှစ၍ ပေမူပိဋကတ်တော်များ အမှားအယွင်း၊ အတိမ်းအစောင်း၊ အကျအနမရှိစေရေး ကျမ်းဂန်တတ်ဆရာတော်ကြီးများကို ပင့်ဆောင်ကာ ပိဋကတ်ပေမူများကို စင်ကြယ်စေရန် သုတ်သင်အတည်ပြုစေတော်မူသည်။ သုတ်သင်ပြီးသည့် ပိဋကတ်တော်များကို ပေရွက်များပေါ်တွင် ထပ်မံရေးသားကာ သန့်စင်သော ပေမူပိဋကတ်တော်များရရှိရန် ရှေးဦးစွာ ဆောင်ရွက်ခဲ့သည်။

သုတ်သင်တည်းဖြတ်ပြင်ဆင်ပြီးသော ပိဋကတ်တော်များကို ရေးကူးရာတွင် ရွှေရေး၊ မင်ရေး၊ ကညစ်ရေး သုံးမျိုးဖြင့် ပေရွက်များပေါ်တွင် ရေးကူးခဲ့သည်။ ပိဋကတ်တော်များ ရေးကူးနေစဉ်တွင်လည်း အမှားအယွင်းအကျအပေါက် မရှိစေရေးအတွက် ဒက္ခိဏာရာမဘုရားကြီးတိုက်ဆရာတော် အရှင်ဇာဂရ၊ မြင်းဝန်တိုက်ဆရာတော် အရှင်သုမင်္ဂလနှင့် ဆီးပန်းနီဆရာတော် အရှင်နရိန္ဒတို့က ကြပ်မတ်ခဲ့ကြသည်။

အမှားအယွင်း လုံးဝကင်းစင်သော ပိဋကသုံးပုံပေမူများကို အမရပူရမြို့ ပိဋကတ်တိုက်၌ ထားရှိခဲ့ပြီး ရတနာပုံမန္တလေးမြို့သစ်ကို တည်ပြီးချိန်တွင် မန္တလေးတောင်ခြေ၌ တည်ဆောက်ခဲ့သော ပိဋကတ်တိုက်သို့ ပြောင်းရွှေ့သိမ်းဆည်းခဲ့ကြသည်။ ထိုသို့ သန့်စင်သော ပိဋကတ်ပေမူများရရှိရေး ဆောင်ရွက်ချက်သည် ပဉ္စမသင်္ဂါယနာတင်ရန် ရှေးဦးဆောင်ရွက်ခြင်းပင်ဖြစ်သည်။ ပိဋကတ်ပေမူများထားရှိခဲ့သည့် မြို့တည်ခုနစ်ဌာနတွင်ပါဝင်သော ထိုပိဋကတ်တိုက်သည် ကျောက်တော်ကြီးဘုရား၏မြောက်ဘက်၊ မန္တလေးတောင်ခြေတွင် ရှိခဲ့သော်လည်း ယခုအခါ ပျက်စီးခဲ့ပြီဖြစ်သည်။

**စာမျက်နှာ ၇ သို့** ✣



ပဉ္စမသင်္ဂါယနာတင် ကုသိုလ်တော်ကျောက်စာချပ်ကို တွေ့ရစဉ်။




ပဉ္စမသင်္ဂါယနာတင် ကုသိုလ်တော်ကျောက်စာများကို ၂၀၁၃ ခုနှစ်တွင် ယူနက်စကိုက ကမ္ဘာ့မှတ်တမ်းအမွေအနှစ်အထိမ်းအမှတ်အဖြစ် အသိအမှတ်ပြုခဲ့မှုကို တွေ့ရစဉ်။

# တိုင်ကြားနိုင်ပါကြောင်း ပြည်သူသို့အသိပေးခြင်း

၁။ နိုင်ငံသားတစ်ဦးသည် ဖွဲ့စည်းပုံအခြေခံဥပဒေပါ နိုင်ငံသားများ၏ မူလအခွင့်အရေးနှင့် ဥပဒေပါအခွင့်အရေးများ၊ နိုင်ငံတော်က လက်ခံထားသည့် လူ့အခွင့်အရေးနှင့်သက်ဆိုင်သော အပြည်ပြည်ဆိုင်ရာနှင့် ဒေသဆိုင်ရာ သဘောတူစာချုပ်များတွင်ပါရှိသည့် လူ့အခွင့်အရေးများကို ဖောက်ဖျက်ခြင်းခံရပါက **မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်ဥပဒေပုဒ်မ ၃၀** အရ ကိုယ်တိုင်အတွက်သော်လည်းကောင်း၊ အခြားသူတစ်ဦးအတွက်သော်လည်းကောင်း၊ လူတစ်စုကို ကိုယ်စားပြု၍သော်လည်းကောင်း ကော်မရှင်သို့ တိုင်ကြားနိုင်ပါသည်။

၂။ တိုင်ကြားမှုကို **ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်၊ အမှတ် (၂၇)၊ (ဖ) မိုင်ခွဲ၊ ပြည်လမ်း၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့** သို့လည်းကောင်း၊ မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင် (ရုံးခွဲ) နေပြည်တော်၊ မန္တလေး၊ စစ်တွေ၊ ပုသိမ်မြို့တို့သို့လည်းကောင်း လိပ်မူ၍ စာတိုက်မှဖြစ်စေ၊ သက်ဆိုင်ရာ ကော်မရှင်ရုံးသို့ လူကိုယ်တိုင်ဖြစ်စေ၊ ဖက်စ် ၀၁၈-၆၅၄၆၇၈၊ ကော်မရှင် e-mail လိပ်စာဖြစ်သော info@mnhrc.org.mm တို့မှတစ်ဆင့်ဖြစ်စေ ပြုလုပ်နိုင်ပါသည်။

၃။ တိုင်ကြားရာတွင် အောက်ပါအချက်များ ပြည့်စုံစွာဖော်ပြရမည်ဖြစ်ပါသည်-

(က) တိုင်ကြားသူ၏ အမည်၊ အမြဲတမ်းနေရပ်လိပ်စာနှင့် ဆက်သွယ်ရန်လိပ်စာအပြည့်အစုံ (ဆက်သွယ်ရန် ဖုန်း၊ ဖက်စ်နှင့် e-mail တို့ရှိလျှင် ထည့်သွင်းဖော်ပြရန်)

(ခ) တိုင်ကြားသူသည် မည်ကဲ့သို့ လူ့အခွင့်အရေးဖောက်ဖျက်ခံရပြီး နစ်နာဆုံးရှုံးကြောင်း ပြည့်စုံစွာဖော်ပြချက်၊ လိုအပ်ပါက မှတ်တမ်းဓာတ်ပုံနှင့် အထောက်အထားမိတ္တူများ ပူးတွဲလျက်ပေးပို့ရန်၊

(ဂ) တိုင်ကြားသူ၏ နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ မဖြစ်မနေ ပူးတွဲပေးပို့ရန်၊

(ဃ) တိုင်ကြားချက်ပါအကြောင်းအရာများ မှန်ကန်ကြောင်း တိုင်ကြားသူမှ လက်မှတ်ရေးထိုးပေးပို့ရန်။

၄။ ကော်မရှင်သည် ယင်းတိုင်ကြားချက်များကိုစိစစ်၍ ကော်မရှင်ဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ စုံစမ်းစစ်ဆေးပြီး သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများနှင့် ဆက်သွယ်ညှိနှိုင်း ပူးပေါင်းဆောင်ရွက်ပေးသွားမည်ဖြစ်ပါသည်။

**မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်**

✣ စာမျက်နှာ ၆ မှ

### ပဥ္စမသင်္ဂါယနာတင်ရခြင်း၏ ရည်ရွယ်ချက်

မြတ်စွာဘုရားရှင် ဟောကြားတော်မူခဲ့သော တရားတော်များ သန့်ရှင်းစင်ကြယ်စွာ တည်တံ့ခိုင်မြဲစေရေးအတွက် အရှင်မဟာကဿပမထေရ်မြတ်ကြီး ဦးဆောင်တော်မူသော ပထမသင်္ဂါယနာမှသည် မထေရ်မြတ်များအဆင့်ဆင့် လက်ဆင့်ကမ်းသယ်ဆောင်လာတော်မူရာ သာသနာတော်နှစ် ၄၅၀ ပြည့်နှစ် သီဟိုဠ်ကျွန်း(သီရိလင်္ကာနိုင်ငံ) မလယ ဇနပုဒ် အာလောကလိုဏ်ဂူ၌ ရဟန္တာအရှင်မြတ် ၅၀၀ တို့ စုပေါင်းရွတ်ဆို အတည်ပြုတော်မူကာ ပေထက်အက္ခရာတင်ခဲ့သော စတုတ္ထသင်္ဂါယနာသည် နောက်ဆုံးအကြိမ်တင်ခဲ့သော ထေရဝါဒသင်္ဂါယနာဖြစ်သည်။ ထိုသို့ နောက်ဆုံးသင်္ဂါယနာတင်ပြီးသည်မှာ နှစ်ပေါင်း ၂၀၀၀ ကျော်ကြာခဲ့ပြီဖြစ်၍ ခေတ်အဆက်ဆက် ပေရွက်များပေါ်တွင် ရေးသားမှတ်တမ်းတင်ထားသည့် ပိဋကတ်တော်များသည် ရာသီဥတုနှင့် ပိုးမွှားများကြောင့် ပျက်စီးလာခဲ့သည်။ ထို့အပြင် ဆရာတပည့်အဆင့်ဆင့် အစဉ်အဆက်လက်ဆင့်ကမ်းကာရေးကူးခဲ့ကြသော ပေစာများ၏ စာသားအချို့တွင် မူကွဲများ၊ အကျအပေါက်များ ရှိလာရာ ဘုရားရှင်၏တရားတော်များ သန့်ရှင်းစင်ကြယ်စွာ တည်တံ့ခိုင်မြဲစေရန်နှင့် မူလမပျက်မှန်ကန်စွာ ထိန်းသိမ်းစောင့်ရှောက်နိုင်ရန် ရည်ရွယ်၍ ပဥ္စမသင်္ဂါယနာတင်ရန် ဆောင်ရွက်ခဲ့ကြခြင်းဖြစ်သည်။



မင်းတုန်းမင်းကြီးကောင်းမှု မဟာလောကမာရဇိန်ကုသိုလ်တော်ဘုရားနှင့် ကျောက်စာစေတီတော်များကို တွေ့ရစဉ်။

### ကျောက်ထက်အက္ခရာတင်ခြင်း(သေလက္ခရာရုဠ္ဌ) ပဥ္စမသင်္ဂါယနာ

မင်းတုန်းမင်းသည် သာသနာတော်နှစ် ၂၄၀၃ ခုနှစ်၊ ကောဇာသက္ကရာဇ် ၁၂၂၁ ခုနှစ်တွင် အမရပူရမြို့တော်မှ ရွှေ့ပြောင်း၍ မန္တလေးမြို့တော်ကို တည်ထောင်ပြောင်းရွှေ့နန်းစံပြီးနောက် ပဥ္စမသင်္ဂါယနာကို တင်နိုင်ရန် ဆောင်ရွက်ခဲ့သည်။ ပဥ္စမသင်္ဂါယနာတင်ပွဲကို သက္ကရာဇ် ၁၂၂၂ ခုနှစ်မှ စတင်ခဲ့ပြီး ဘုရားရှင်၏တရားတော်များ ကမ္ဘာတည်သရွေ့ တည်ရှိနေမည့် သေလက္ခရာရုဠ္ဌခေါ် ပိဋကတ်တော်များ ကျောက်ထက်အက္ခရာတင်ခြင်း သမိုင်းဝင်လုပ်ငန်းကြီးကို စတင်ဆောင်ရွက်ခဲ့သည်။ မင်းတုန်းမင်းကြီးသည် မန္တလေးမြို့မြောက်ဘက်ရှိ စကျင်တောင်မှ သလင်းကျောက်ဖြူများကို ချဆောင်ချောမောစေ၍ သက္ကရာဇ် ၁၂၂၂ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၁ ရက်နေ့မှစတင်ကာ ပိဋကသုံးပုံပေမူများကို ထိုစကျင်ကျောက်ချပ်များပေါ်တွင် ရေးကူးစေသည်။

### မုခါရုဠ္ဌပဥ္စမသင်္ဂါယနာ

ပဥ္စမသင်္ဂါယနာကို ကျောက်ထက်အက္ခရာတင်၍သာ သင်္ဂါယနာတင်ခဲ့သည်မဟုတ်ပေ။ ဘုရားဟောပိဋကတ်တော်များကို နှုတ်ဖြင့် စုပေါင်းရွတ်ဆိုအတည်ပြု၍ သင်္ဂါယနာတင်ခြင်းကို ရွှေနန်းပြာသာဒ်တော်တွင် ဒက္ခိဏာရာမဘုရားကြီးတိုက်ဆရာတော် ဘဒ္ဒန္တဇာဂရာဘိဝံသ တိပိဋကဓရ မဟာဓမ္မရာဇာဓိရာဇဂုရု (တောင်တော်မိဖုရားကြီး၏ဆရာတော်)က ဦးဆောင်လျက် ရဟန်းတော်အပါး ၂၄၀၀ တို့ဖြင့် ဆောင်ရွက်ခဲ့သည်။ ထိုသို့ နှုတ်ဖြင့်ရွတ်ဆို သင်္ဂါယနာတင်ခြင်းသည် **“ငါးလ၊ သုံးရက်”** ကြာမြင့်ခဲ့သည်။ ဤပဥ္စမသင်္ဂါယနာတင်ပွဲကြီးကို ကျင်းပရာတွင် သံဃာတော်ထု၊ မင်းစိုးရာဇာထုနှင့် ပြည်သူလူထုပါဝင်သော ထုသုံးထုပူးပေါင်းကာ ကျင်းပခဲ့ကြခြင်း ဖြစ်သည်။

### ရေးထိုးသောကျောက်စာများ

ကျောက်စာများကို ရေးထိုးရာတွင် ပိဋကတ်တော်အလိုက်ရေးထိုးရာ ဝိနည်း ငါးကျမ်း ကျောက်ချပ်ရေ-၁၁၁၊ အဘိဓမ္မာ ခုနစ်ကျမ်း ကျောက်ချပ်ရေ-၂၀၈၊ နိကာယ် ငါးရပ် ကျောက်ချပ်ရေ-၄၁၀ စုစုပေါင်းအားဖြင့် ကျောက်စာတော်အချပ်ရေပေါင်း ၇၂၉ ချပ်တို့ဖြစ်သည်။ သက္ကရာဇ် ၁၂၂၂ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၁ ရက်နေ့တွင် စတင်ခဲ့သော ကျောက်ထက်အက္ခရာတင်ခြင်းသည် သက္ကရာဇ် ၁၂၃၀ ပြည့်နှစ်၊ ကဆုန်လဆန်း ၁၄ ရက်နေ့တွင် ပြီးစီးအောင်မြင်ခဲ့သဖြင့် **“ခုနစ်နှစ်၊ ခြောက်လ၊ ၁၄ ရက်”** ကြာမြင့်ခဲ့သည်။ ထိုသို့လျှင် မင်းတုန်းမင်းကြီး၏ကောင်းမှု ပဥ္စမသင်္ဂါယနာတင် ကုသိုလ်တော်ကျောက်စာများကို ၂၀၁၃ ခုနှစ်တွင် ယူနက်စကိုက ကမ္ဘာ့မှတ်တမ်းအမွေအနှစ်အဖြစ် အသိအမှတ်ပြုခဲ့ပြီး မန္တလေးမြို့ မဟာလောကမာရဇိန် ကုသိုလ်တော်ဘုရားဝင်းအတွင်း၌ လေ့လာနိုင်ပါသည်။

**❛ ကျောက်စာများကိုရေးထိုးရာတွင် ပိဋကတ်တော်အလိုက်ရေးထိုးရာ ဝိနည်း ငါးကျမ်း ကျောက်ချပ်ရေ-၁၁၁၊ အဘိဓမ္မာ ခုနစ်ကျမ်း ကျောက်ချပ်ရေ-၂၀၈၊ နိကာယ် ငါးရပ် ကျောက်ချပ်ရေ-၄၁၀ စုစုပေါင်းအားဖြင့် ကျောက်စာတော်အချပ်ရေပေါင်း ၇၂၉ ချပ်တို့ဖြစ်သည်။ သက္ကရာဇ် ၁၂၂၂ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၁ ရက်နေ့တွင်စတင်ခဲ့သော ကျောက်ထက်အက္ခရာတင်ခြင်းသည် သက္ကရာဇ် ၁၂၃၀ ပြည့်နှစ်၊ ကဆုန်လဆန်း ၁၄ ရက်နေ့တွင် ပြီးစီးအောင်မြင်ခဲ့သဖြင့် “ခုနစ်နှစ်၊ ခြောက်လ၊ ၁၄ ရက်” ကြာမြင့်ခဲ့သည်။ ထိုသို့လျှင် မင်းတုန်းမင်းကြီး၏ကောင်းမှု ပဥ္စမသင်္ဂါယနာတင် ကုသိုလ်တော်ကျောက်စာများကို ၂၀၁၃ ခုနှစ်တွင် ယူနက်စကိုက ကမ္ဘာ့မှတ်တမ်းအမွေအနှစ်အဖြစ် အသိအမှတ်ပြုခဲ့ပြီး မန္တလေးမြို့ မဟာလောကမာရဇိန်ကုသိုလ်တော်ဘုရားဝင်းအတွင်း၌ လေ့လာနိုင် ❜**

## ရန်ကင်းမြို့နယ်၌ ရက်(၁၀၀)စီမံချက်ဖြင့် နိုင်ငံသားစိစစ်ရေးကတ်များ ဆောင်ရွက်ပေး

ရန်ကုန် ဧပြီ ၂၇

လူဝင်မှု ကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဝန်ကြီးဌာန ရန်ကင်းမြို့နယ် ဦးစီးမှူးရုံးအနေဖြင့် ရန်ကင်းမြို့နယ် အမှတ်(၄)ရပ်ကွက် အုပ်ချုပ်ရေးမှူးရုံးတွင် အသက် ၁၀ နှစ်မှ ၁၈ နှစ်အထက်နိုင်ငံသားစိစစ်ရေးကတ် မရရှိသေးသူများနှင့် နိုင်ငံသားစိစစ်ရေးကတ် ကိုင်ဆောင်ပြီး UID မကောက်ယူရသေးသည့် ပြည်သူများအား အစိုးရသစ်ကာလ ရက်(၁၀၀)စီမံချက်ဖြင့် မြေပြင်ကွင်းဆင်း စိစစ်ခြင်းကို ယနေ့နံနက်ပိုင်းမှစ၍ ကွင်းဆင်း ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။



လှလှထွေး(ပြန်/ဆက်)

## တနင်္သာရီမြို့နယ်၌ ရက်(၁၀၀)စီမံချက်ဖြင့် နိုင်ငံသားစိစစ်ရေးကတ်များ ဆောင်ရွက်ပေး

တနင်္သာရီ ဧပြီ ၂၇

တနင်္သာရီ တိုင်းဒေသကြီး တနင်္သာရီမြို့တွင် ဧပြီ ၂၆ ရက်က လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန မြို့နယ်ဦးစီးမှူးရုံး၌ တနင်္သာရီမြို့နယ်အတွင်းရှိ သာရဖုံကျေးရွာအုပ်စုမှ ပြည်သူများအား ရက်(၁၀၀) စီမံချက်ဖြင့် နိုင်ငံသားစိစစ်ရေးကတ်များ ဆောင်ရွက်ပေးသည်။

အဆိုပါ ဆောင်ရွက်မှုကို လဝကမှူး ဦးဇာနည်အောင်နှင့် ဝန်ထမ်းများက ဒေသခံပြည်သူများ နိုင်ငံသားစိစစ်ရေးကတ်များကို အဆင်ပြေချောမွေ့စွာ ရရှိနိုင်ရေးအတွက် ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။



**တနင်္သာရီ(ပြန်/ဆက်)**

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်သက်ဇင်နှင့် နေပြည်တော် ကောင်စီဥက္ကဋ္ဌတို့ ကျေးလက်နေ အမျိုးသမီးများ ဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်မည့် အခြေအနေများ တွေ့ဆုံဆွေးနွေး

နေပြည်တော် မေ ၂၇

အမျိုးသမီးရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်သက်ဇင်သည် နေပြည်တော်ကောင်စီရုံးအစည်းအဝေးခန်းမ၌ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးကံမြင့်သန်းနှင့် တွေ့ဆုံ၍ နေပြည်တော်အတွင်းရှိ ကျေးလက်နေအမျိုးသမီး ဖွံ့ဖြိုးတိုးတက်ရေးအတွက် ရှေ့ပြေးစီမံကိန်းနှင့်ပတ်သက်၍ တွေ့ဆုံဆွေးနွေးသည်။



တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီးက အမျိုးသမီးများနှင့် အမျိုးသမီးငယ်ရွယ်များ ဖွံ့ဖြိုးတိုးတက်ရေးအတွက် လက်ရှိဆောင်ရွက်နေသော လုပ်ငန်းများအနက်မှ ကျေးလက်နေအမျိုးသမီးများ ဖွံ့ဖြိုးတိုးတက်ရေးကို အရှိန်အဟုန်မြှင့် ဆောင်ရွက်ရာတွင် နေပြည်တော်ကောင်စီ ပြည်ထောင်စုနယ်မြေ၊ မန္တလေးတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်စသည့် ဒေသသုံးခုရှိ ကျေးလက်နေ အမျိုးသမီးများအတွက် ဦးစားပေးဆောင်ရွက်ရန် စီမံကိန်းရေးဆွဲထားပါကြောင်း၊ စီမံကိန်းတွင် စာဖတ်ရှိန်မြှင့်တင်ရေး၊ ကျေးလက်စာကြည့်တိုက်များ ဖွင့်လှစ်ပေးနိုင်ရန်ကူညီပံ့ပိုးရေး၊ ကျောင်းနေအရွယ်ကလေးငယ်များ ကျောင်းနေနိုင်ရေး၊ အမျိုးသမီးများ စီးပွားရေးလုပ်ငန်းများတွင် ပါဝင်နိုင်ရေးနှင့် အလုပ်အကိုင်အခွင့်အလမ်းရရှိရေးစသည်တို့ကို ဆောင်ရွက်သွားမည်ဖြစ်ပြီး ဒေသသုံးခုရှိ ကျေးရွာများတွင် ကနဦးဆောင်ရွက်မည်ဖြစ်၍ နေပြည်တော်အတွင်းရှိ ကျေးရွာများတွင်စတင်၍ ရှေ့ပြေးစီမံကိန်းများ ချမှတ်ပြီးဆောင်ရွက်ရန်အတွက် Base line Data များ ကောက်ယူခြင်း၊ စီမံကိန်းရေးဆွဲခြင်းတို့တွင် နေပြည်တော်ကောင်စီအနေဖြင့် ပူးပေါင်း ဆောင်ရွက်ပေးစေလိုပါကြောင်း ပြောကြားသည်။

ထို့နောက် နေပြည်တော်ကောင်စီဥက္ကဋ္ဌက နေပြည်တော်မြို့နယ်ရှစ်ခုတွင် မြို့နယ်အဟောင်းသုံးခုဖြစ်သော လယ်ဝေး၊ ပျဉ်းမနား၊ တပ်ကုန်းတို့သည် ကျေးလက်နေပြည်သူများ များပြားပါကြောင်း၊ အမျိုးသမီးများအတွက် အသက်မွေးသင်တန်းများ ဖွင့်လှစ်ပေးစေလိုပါကြောင်း၊ Target ထားပြီး ဆောင်ရွက်ပေးစေလိုပါကြောင်း၊ နေပြည်တော်ကောင်စီအနေဖြင့် လိုအပ်သည်များကို ပူးပေါင်း ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း ဆွေးနွေးသည်။

တွေ့ဆုံဆွေးနွေးပွဲသို့ အမျိုးသမီးရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး၊ နေပြည်တော်ကောင်စီဝင်များ၊ အတွင်းရေးမှူး၊ တာဝန်ရှိသူများ၊ နေပြည်တော်ပြည်သူ့ကျန်းမာရေးဦးစီးဌာနနှင့် နေပြည်တော် လူမှုဝန်ထမ်းရုံးမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## သွားဘက်ဆိုင်ရာဆေးတက္ကသိုလ်- ရန်ကုန်မှ စတုတ္ထနှစ်ဘီဒီအက်စ် သင်တန်းအောင်မြင်ပြီးသူများ မြောင်းမြခရိုင်အတွင်း ကွင်းဆင်းကုသ

ရန်ကုန် မေ ၂၇

ကျန်းမာရေးဝန်ကြီးဌာနနှင့် ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့၏ ကြီးကြပ်မှုဖြင့် သွားဘက်ဆိုင်ရာ ဆေးတက္ကသိုလ် - ရန်ကုန်မှ ကာကွယ်ရေးနှင့် လူထုသွားကျန်းမာရေးပညာဌာန၏ သင်ရိုးညွှန်းတမ်းနှင့်အညီ စတုတ္ထနှစ်ဘီဒီအက်စ် (၅/၂၀၂၅) သင်တန်းအောင်မြင်ပြီးသော ကျောင်းသား ကျောင်းသူ ၆၁ ဦးနှင့် အုပ်ချုပ်သူဆရာ ဆရာမ ၂၀ စုစုပေါင်း ၈၁ ဦးတို့သည် မြောင်းမြခရိုင်ရှိ ကျေးရွာနှင့် ရပ်ကွက်များတွင် သွားနှင့်ခံတွင်းကုသမှုများ၊ ပညာပေးဟောပြောမှုများနှင့် စစ်တမ်းကောက်ယူခြင်းတို့ကို မေ ၂၁ ရက်မှ ၂၅ ရက်အထိ ဆောင်ရွက်ခဲ့ကြသည်။

ထိုသို့ကွင်းဆင်းဆောင်ရွက်မှုများကို လွှတ်တော်ကိုယ်စားလှယ်များ၊ သွားဘက်ဆိုင်ရာ ဆေးတက္ကသိုလ် – ရန်ကုန်ပါမောက္ခချုပ်၊ မြောင်းမြခရိုင် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ကြည့်ရှုအားပေးကြသည်။

ကွင်းဆင်းမှုများကို မြောင်းမြမြို့နယ်ရှိ ပြင်ရွာ၊ ကွမ်းခြံကြီး၊ တောင်ပေါ်စု၊ ကညင်ကိုင်း၊ ငါးမြင်းချောင်း၊ ကွယ်လွယ်ကျေးရွာ၊ ဝါးခယ်မမြို့နယ်မှ ကျွန်းကုန်းကျေးရွာ၊ အိမ်မဲမြို့နယ်မှ ရွာသစ်ကျေးရွာတို့တွင် ဆောင်ရွက်ကြရာ သွားနှင့်ခံတွင်းလူနာ ၄၈၄ ဦးအား ကုသမှုပေးခဲ့ပြီး စစ်တမ်းကောက်ယူမှုတွင် ၁၄၈၄ ဦး၊ သွားကျန်းမာရေးစစ်ဆေးမှုတွင် ၈၀၀ နှင့် အသိပညာပေးဟောပြောမှုတွင် ၈၀၀ စုစုပေါင်း ၃၅၆၈ ဦးတို့အား သွားကျန်းမာရေးစောင့်ရှောက်မှုပေးခဲ့ကြောင်း သိရသည်။ **ကျော်သီဟ**



## ဒုတိယဝန်ကြီးဒေါက်တာသန့်ဇော်လွင် ရှေးဦးအရွယ်ကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးဆိုင်ရာ ဆရာဖြစ်သင်တန်း(တတိယအကြိမ်) ကြည့်ရှုအားပေး

နေပြည်တော် မေ ၂၇

ရှေးဦးအရွယ် ကလေးသူငယ် ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးဆိုင်ရာ ဆရာဖြစ်သင်တန်း (တတိယအကြိမ်)ကို ယနေ့တွင် နေပြည်တော် ဇမ္ဗူသီရိမြို့နယ် အထက (၁၄) တွင် ဖွင့်လှစ်သည်။



ဦးစွာ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာသန့်ဇော်လွင်က ယခုဖွင့်လှစ်သည့် သင်တန်းသည် နိုင်ငံတော်သမ္မတက “ကျောင်းမတက်မီ ရှေးဦးသူငယ် ဘဝကတည်းက မူလတန်းမတက်မီ မူကြိုတက်ခဲ့ကြသည့် ကလေးများ အခြေခံကောင်းကြသည်ကို တွေ့ရပါကြောင်း၊ မူကြိုတက်ခဲ့သည့် ကလေးများမှာ မူလတန်းကအစ ပညာရေးတွင်ပိုမိုပညာလိုလားကြသည်ကို တွေ့ရပါကြောင်း၊ ထို့ကြောင့် မူကြိုကျောင်းများတွင် ကလေးသူငယ်ပြုစု ပျိုးထောင်ရေးကို သက်ဆိုင်ရာဝန်ကြီးဌာနက အလေးထား ဆောင်ရွက်သွားကြရမည်ဖြစ်ပါကြောင်း၊ ထိရောက်သည့် မူကြိုကျောင်းဖြစ်ရန် Early Childhood Care and Development ဖြစ်သည့် ရှေးဦးအရွယ်ကလေးသူငယ် ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးကို အလေးထားဆောင်ရွက်ပေးကြရန်” လမ်းညွှန်မှာကြားချက်အပေါ် အလေးထားအကောင်အထည်ဖော် ဆောင်ရွက်သည့် သင်တန်းဖြစ်ပါကြောင်း။

ပညာရေးဝန်ကြီးဌာနနှင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာနတို့ ပူးပေါင်းဆောင်ရွက်ခြင်းဖြစ်၍ KG နှင့် Grade–1 တက်ရောက်သည့် ကလေးသူငယ်များအတွက် အကူးအပြောင်းကာလတွင် အဆင်ပြေချောမွေ့ရေးနှင့် ကျောင်းနေပျော်၍ ဘက်စုံဖွံ့ဖြိုးတိုးတက်သည့်ကလေးများ ဖြစ်လာစေရေးကို ဦးစားပေး ဆောင်ရွက်ပေးနိုင်ရန် ယခုသင်တန်းကို ဘာသာရပ်များ ပြင်ဆင်ရေးဆွဲပြီး ပို့ချခဲ့ခြင်းဖြစ်ပါကြောင်း၊ သင်တန်းတွင် ပို့ချပေးလိုက်သည့် ကလေးစောင့်ရှောက်ရေးနည်းပညာများကို လက်တွေ့လုပ်ငန်းခွင်တွင် ပြန်လည်အသုံးချခြင်းဖြင့် မိမိတို့နိုင်ငံအတွက် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးကို တိုက်ရိုက်အကျိုးပြုမည် ဖြစ်ပါကြောင်း ပြောကြားသည်။

ဆက်လက်၍ သင်တန်းသို့ တက်ရောက်လာသော ဆရာ ဆရာမများက မိတ်ဆက်ကြပြီး ဒုတိယဝန်ကြီးက သင်တန်း၏ လိုအပ်ချက်များအပေါ် ဖြည့်ဆည်းဆောင်ရွက်ပေးသည်။ သင်တန်းကို မေ ၂၇ ရက်မှ မေ ၂၃ ရက်အထိ တစ်လတာ ဖွင့်လှစ်မည်ဖြစ်ပြီး ပြည်ထောင်စု နယ်မြေ နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီး/ ပြည်နယ်အသီးသီးရှိ ပညာရေးဝန်ကြီးဌာနမှ သင်တန်းသား သင်တန်းသူ ၆၁ ဦးနှင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည် နေရာချထားရေးဝန်ကြီးဌာနမှ သင်တန်းသား သင်တန်းသူ ၂၅ ဦး စုစုပေါင်း ၈၆ ဦးဖြင့် ဖွင့်လှစ်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

## လှိုင်မြို့နယ်၌ ရက်(၁၀၀)စီမံချက်ဖြင့် နိုင်ငံသားစိစစ်ရေးကတ်များ ကွင်းဆင်းဆောင်ရွက်ပေး

ရန်ကုန် မေ ၂၇

ရန်ကုန်တိုင်းဒေသကြီး လှိုင်မြို့နယ်၌ မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန မြို့နယ်ဦးစီးမှူးရုံးမှ ဝန်ထမ်းများက ရက် (၁၀၀)စီမံချက်ဖြင့် နိုင်ငံသားစိစစ်ရေးကတ်များ ကွင်းဆင်းဆောင်ရွက်ခြင်းကို ယနေ့နံနက် ၁၀ နာရီကစတင်၍ အမှတ်(၈)ရပ်ကွက် အုပ်ချုပ်ရေးမှူးရုံးတွင် ကွင်းဆင်းဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ ကွင်းဆင်းဆောင်ရွက်ရာတွင် မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမောင်မောင်ကျော်နှင့် ဝန်ထမ်းများက အသက် ၁၀ နှစ်နှင့်အထက် မှတ်ပုံတင်အသစ်ပြုလုပ်ပေးခြင်း၊ အသက် ၁၈ နှစ်ပြည့် မှတ်ပုံတင်လဲလှယ်ခြင်း၊ ဟောင်းနွမ်းပျက်စီး မှတ်ပုံတင်ခြင်းများကို အသစ်လဲလှယ် ပြုလုပ်ပေးခြင်းများနှင့် ဇီဝဆိုင်ရာ အချက်အလက်ကောက်ယူခြင်းများ ဆောင်ရွက်ကြသည်။

အဆိုပါ လုပ်ငန်းဆောင်ရွက်ရာသို့ မရမ်းကုန်းခရိုင် လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးခင်မောင်သန်း၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးမြင့်စိုး၊ စီမံအဖွဲ့ဝင် ရပ်မိရပ်ဖ ဦးအုန်းမြင့်နှင့် တာဝန်ရှိသူများက ကွင်းဆင်းကြည့်ရှုပြီး လိုအပ်သည်များ ပေါင်းစပ်ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **ဇော်ဇော်နိုင်(ပြန်/ဆက်)**



# ပြည်ထောင်စုဝန်ကြီး ဦးထိန်လင်း သပြေတောင်ရုပ်မြင်သံကြားထပ်ဆင့်လွှင့်စက်ရုံနှင့် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံးများ ကြည့်ရှုစစ်ဆေး

နေပြည်တော် မေ ၂၇

မှန်ကန်သော သတင်းအချက်အလက်များ အချိန်နှင့်တစ်ပြေးညီ ပြည်သူလူထုသိရှိနိုင်စေရန်အတွက် ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးထိန်လင်းသည် ယနေ့နံနက်ပိုင်းတွင် ပျဉ်းမနား-သပြေတောင် ရုပ်မြင်သံကြားထပ်ဆင့်လွှင့်စက်ရုံနှင့် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ပျဉ်းမနားမြို့နယ်ရုံးနှင့် လယ်ဝေးမြို့နယ်ရုံးတို့သို့သွားရောက်၍ လုပ်ငန်းစွမ်းဆောင်ရည် မြှင့်တင်နိုင်ရေး ကွင်းဆင်းကြည့်ရှုစစ်ဆေးသည်။

ဦးစွာ ပျဉ်းမနား-သပြေတောင် ထပ်ဆင့်လွှင့်စက်ရုံ၌ ဝန်ထမ်းများနှင့်တွေ့ဆုံပြီး နိုင်ငံတော်အစိုးရ၏ရည်မှန်းချက်များ၊ ဆောင်ရွက်ချက်များနှင့် အစိုးရသစ်၏ ရက်ပေါင်း (၁၀၀) အတွင်း ဆောင်ရွက်သည့် စီမံချက်များကို မီဒီယာမှတစ်ဆင့် ပြည်သူများ အချိန်နှင့်တစ်ပြေးညီ သိရှိနိုင်အောင် ကြိုးစားဆောင်ရွက်ပေးကြရန်၊ ထုတ်လွှင့်မှုအရည်အသွေးကောင်းမွန်စေရန်နှင့် ရုပ်သံရိုက်ကူးရေးနှင့် ထုတ်လွှင့်မှုဆိုင်ရာကိစ္စရပ်များကို ဆွေးနွေးမှာကြားသည်။

ထို့နောက် ထပ်ဆင့်လွှင့်စက်ရုံမှတစ်ဆင့် မြန်မာ့အသံနှင့်ရုပ်မြင်သံကြား သတင်းအစီအစဉ်တွင် ထည့်သွင်းရန်အတွက် ဝန်ကြီးဌာနများမှ ရိုက်ကူးပြီး သတင်းအရုပ်များအား မြန်မာ့အသံနှင့် ရုပ်မြင်သံကြား(တပ်ကုန်း)သို့ ပေးပို့သည့် Up Link လုပ်ငန်းဆောင်ရွက်နေမှု၊ DVB-T2 စနစ်ဖြင့် ထုတ်လွှင့်သည့် လွှင့်စက်များ၊ FM ထုတ်လွှင့်စက်များဖြင့် လုပ်ငန်းဆောင်ရွက်နေမှုနှင့် ထပ်ဆင့်လွှင့်စက်ရုံ စားရိပ်သာ၊ ဝန်ထမ်းအိမ်ရာ၊ အဆောင်နှင့် တာဝါတိုင်များကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။



ပြည်ထောင်စုဝန်ကြီး ဦးထိန်လင်း ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လယ်ဝေးမြို့နယ်ရုံးတွင် ကြည့်ရှုအားပေးစဉ်။

ယင်းနောက် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ပျဉ်းမနားမြို့နယ်ရုံးနှင့် လယ်ဝေးမြို့နယ်ရုံးတို့သို့ ရောက်ရှိပြီး ကလေးစာဖတ်ခန်းများ ခင်းကျင်းပြင်ဆင်ထားရှိမှု၊ ရွေ့လျားစာကြည့်တိုက် မော်တော်ယာဉ်(Mobile Bus)ဖြင့် စာအုပ်စာစောင်များ သွားရောက်ငှားရမ်းပေးနိုင်ရန် စီစဉ်ဆောင်ရွက်ထားရှိမှု၊ စာအုပ်စာစောင်များ စနစ်တကျထိန်းသိမ်းပြီး ပြည်သူများ စာပေလေ့လာဖတ်ရှုနိုင်စေရန် ဆောင်ရွက်ထားရှိမှုနှင့် စာအုပ်စာစောင်ချစ်မြတ်နိုးသူများအသင်း(Book Club)အဖွဲ့ဝင်များ စာဖတ်ဝိုင်းဆွေးနွေးပွဲ ကျင်းပနေမှုတို့ကို ကြည့်ရှုအားပေးကာ ဝန်ထမ်းများနှင့် ကလေးငယ်များကို စားသောက်ဖွယ်ရာများ ပေးအပ်သည်။

အဆိုပါရုံးများသို့ ရောက်ရှိစဉ် ပြည်ထောင်စုဝန်ကြီးက ဝန်ထမ်းများနှင့်တွေ့ဆုံပြီး အစိုးရသစ်ရက် (၁၀၀)အတွင်း ဌာနအလိုက် သိသာထင်ရှားသည့် တိုးတက် ပြောင်းလဲမှုများရှိစေရေး ခရိုင်/မြို့နယ်အဆင့် ရုံးများကလည်း အစီအမံများ ချမှတ်ဆောင်ရွက်သွားရန်၊ စိုက်ပျိုးရေး၊ မွေးမြူရေး၊ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးဆိုင်ရာ သတင်းအချက်အလက်များကို ကျေးလက်ဒေသများအထိ ရောက်ရှိအောင် ဆောင်ရွက်သွားကြရန်၊ စာဖတ်ခြင်းဖြင့် လူငယ်များ၏ အတွေးအခေါ်မှန်ကန်စေရေးနှင့် ဝေဖန်ပိုင်းခြားနိုင်စွမ်းရှိစေရေးတို့အတွက် နယ်လှည့်စာကြည့်တိုက်များနှင့် စာပေပွဲတော်များမှတစ်ဆင့် ဆောင်ရွက်သွားကြရန်။

ပြည်သူများကို ဝန်ဆောင်မှုပေးရာတွင် ကြန့်ကြာမှုမရှိစေဘဲ မြန်မြန်ဆန်ဆန်ပြီးမြောက်အောင် ဆောင်ရွက်ပေးရန်၊ စာကြည့်တိုက်များတွင် ကွန်ပျူတာသင်တန်းများကဲ့သို့ အတတ်ပညာ၊ အသိပညာသင်တန်းများ ဖွင့်လှစ်ဆောင်ရွက်ပေးရန်၊ စာဖတ်ရှိန်မြှင့်တင်ရေး လုပ်ငန်းများ အရှိန်အဟုန်ဖြင့် ဆောင်ရွက်ရန်၊ နိုင်ငံတော်အစိုးရ၏ လုပ်ဆောင်ချက်များကို ပြည်သူများ ကျယ်ကျယ်ပြန့်ပြန့် သိရှိနိုင်အောင် ကြိုးစားဆောင်ရွက်သွားကြရန်၊ သတင်းတု၊ သတင်းမှားများကို ပြန်လည်တုံ့ပြန်နိုင်ရေး၊ ပြည်သူများထံ သတင်းမှန်များ အချိန်ကိုက်ရောက်ရှိနိုင်ရေး ဆောင်ရွက်သွားကြရန် မှာကြားခဲ့ကြောင်း သိရသည်။

သတင်းစဉ်

# နိုင်ငံတော်သမ္မတ၏ လမ်းညွှန်မှာကြားချက်များနှင့် အစိုးရအဖွဲ့၏ ရက်ပေါင်း (၁၀၀)အတွင်း ဆောင်ရွက်မည့် အစီအမံများနှင့်စပ်လျဉ်း၍ ထပ်ဆင့်ရှင်းလင်း

ရန်ကုန် မေ ၂၇

နိုင်ငံတော် သမ္မတ၏ ပြည်ထောင်စု အစိုးရအဖွဲ့ အစည်းအဝေးတွင် လမ်းညွှန်မှာကြားချက်များနှင့် အစိုးရအဖွဲ့၏ ရက်ပေါင်း (၁၀၀)အတွင်း ဆောင်ရွက်မည့် အစီအမံများနှင့် စပ်လျဉ်း၍ ထပ်ဆင့်ရှင်းလင်းပွဲကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ်ရှိ သာသနာရေးဝန်ကြီးဌာန (ရန်ကုန်ရုံးခွဲ) ဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။



### တက်ရောက်

အခမ်းအနားသို့ ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင်၊ အမြဲတမ်းအတွင်းဝန်၊ တာဝန်ရှိသူများ၊ ဦးစီးဌာနများနှင့် တက္ကသိုလ်တို့မှ အရာထမ်း၊ အမှုထမ်းများ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးက နိုင်ငံတော်အစိုးရသစ်အနေဖြင့် စစ်မှန်ပြီး စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေး၊ ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေး ဟူသည့် ရည်ရွယ်ချက် လုပ်ငန်းစဉ်များကို ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း၊ မိမိတို့နိုင်ငံကို ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် ဒီမိုကရေစီနိုင်ငံတော်အဖြစ် တည်ဆောက်ရာတွင် ထူးချွန်ထက်မြက်သည့် လူ့စွမ်းအား အရင်းအမြစ်များဖြစ်သည့် အသိပညာရှင်၊ အတတ်ပညာရှင်များစွာ လိုအပ်ပါကြောင်း၊ အနာဂတ်နိုင်ငံတော်၏ တာဝန်များကို ပခုံးပြောင်းထမ်းဆောင်ကြမည့် နိုင်ငံ့ဝန်ထမ်းများအနေဖြင့် ဗလငါးတန် ပြည့်ဝနေကြရန်လိုအပ်ပါကြောင်း၊ ထို့ပြင် အသက်အရွယ်၊ အဆင့်အတန်းအလိုက် ရှိသင့်ရှိထိုက်သည့် အတွေးအခေါ်၊ အယူအဆ၊ စဉ်းစားဆင်ခြင်သုံးသပ်နိုင်မှု၊ ဆင်ခြင်တုံတရား အစရှိသည့် အသိပညာများပါ ပြည့်စုံကြရမည်ဖြစ်ပါကြောင်း၊ တစ်နည်းအားဖြင့် အတတ်ပညာရော အသိပညာပါ ပြည့်စုံပြည့်ဝနေကြရန် လိုအပ်ပါကြောင်း။

အစိုးရအဖွဲ့အနေဖြင့် ရက်ပေါင်း (၁၀၀)အတွင်း ဆောင်ရွက်မည့် အစီအမံများကို မေ ၂၀ ရက်မှ ဇူလိုင် ၃၁ ရက်အထိ သတ်မှတ်ဆောင်ရွက်လျက်ရှိပါကြောင်း ။

ဝန်ထမ်းများ အနေဖြင့် နိုင်ငံတော်သမ္မတ၏ မိန့်ခွန်းတွင်ပါရှိသော လမ်းညွှန်မှာကြားချက်များကို လုပ်ငန်းလမ်းညွှန်များအဖြစ်ခံယူ၍ အလေးအနက်ထား ဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း၊ အစိုးရ၏ရက် ၁၀၀ ကာလအတွင်း ဦးစားပေးဆောင်ရွက်သွားမည့် လုပ်ငန်းများနှင့် ရှေ့ဆက်လက် အကောင်အထည်ဖော်မည့်လုပ်ငန်းများ အောင်မြင်စွာ ဆောင်ရွက်နိုင်ရေးအတွက် မိမိတို့နိုင်ငံ့ဝန်ထမ်းများအနေဖြင့် ကျရာကဏ္ဍများမှနေ၍ လိုက်ပါဆောင်ရွက်ကြရမည် ဖြစ်ပါကြောင်း၊ သာသနာရေးဝန်ကြီးဌာနအနေဖြင့် နိုင်ငံတော်က အသိအမှတ်ပြုထားသည့် ဘာသာသာသနာများကို တတ်နိုင်သမျှကူညီ စောင့်ရှောက်သွားမည်ဖြစ်ပြီး ဘာသာပေါင်းစုံချစ်ကြည်ညီညွတ်ရေးအဖွဲ့များ၏ အပြုသဘောဆောင်သော ဆောင်ရွက်မှုများအပေါ် အားပေးသွားမည်ဖြစ်ပါကြောင်း၊ သာသနာရေးဆိုင်ရာမှုခင်းများ လျော့နည်းကျဆင်းစေရေးအတွက် ဝိနည်းမိုရ်သင်တန်းများ ဖွင့်လှစ်ရေး၊ အလုပ်ရုံဆွေးနွေးပွဲများ ကျင်းပရေး၊ တိုင်းဒေသကြီး/ပြည်နယ်များ၌သာမက မြို့နယ်များအားလုံးတွင် ဆောင်ရွက်သွားရမည်ဖြစ်ပါကြောင်း ပြောကြားခဲ့ကြောင်း သိရသည်။

သတင်းစဉ်

# မြောက်ဥက္ကလာပမြို့နယ်၌ နိုင်ငံသားစိစစ်ရေးကတ်နှင့် UID ကတ်များ ကွင်းဆင်းဆောင်ရွက်လျက်ရှိ


ရန်ကုန် မေ ၂၇

မြောက်ဥက္ကလာပမြို့နယ်၌ နိုင်ငံတော်အစိုးရ၏ ရက်(၁၀၀) စီမံချက်ဖြင့် နိုင်ငံသားစိစစ်ရေးကတ် ပြုလုပ်ပေးခြင်းနှင့် Biometric ကောက်ယူကာ UID ကတ်ထုတ်ပေးခြင်းလုပ်ငန်းများကို ယနေ့နံနက်ပိုင်းက (၄)ရပ်ကွက် သုနန္ဒာလမ်း လူငယ်စာကြည့်တိုက်တွင် မြေပြင်ကွင်းဆင်းဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ဆောင်ရွက်ရာတွင် လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန မရမ်းကုန်းခရိုင်ဦးစီးမှူး ဦးရန်နိုင် ကြီးကြပ်၍ မြောက်ဥက္ကလာပမြို့နယ်ဦးစီးမှူး ဦးစံတင်ဦး ဦးဆောင်မှုဖြင့် ဝန်ထမ်းများပါဝင်သောအဖွဲ့က (၄)ရပ်ကွက်အတွင်းရှိ အသက်(၁၈)နှစ်ပြည့်ပြီးသူ ရပ်ကွက်နေပြည်သူများအား နိုင်ငံသားစိစစ်ရေးကတ်များ ပြုလုပ်ပေးခြင်းနှင့် Biometric ကောက်ယူ၍ UID ကတ်ထုတ်ပေးခြင်းများ ဆောင်ရွက်ပေးလျက်ရှိသည်။

နိုင်ငံတော်အစိုးရ၏ ရက်(၁၀၀) စီမံချက်ဖြင့် နိုင်ငံသားစိစစ်ရေးကတ်နှင့် Biometric ကောက်ယူ၍ UID ကတ် ထုတ်ပေးခြင်းများကို သက်ဆိုင်ရာရပ်ကွက်များအလိုက် မြေပြင်ကွင်းဆင်း၍ ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

သက်လွင်စိုး(ပြန်/ဆက်)



ညအချိန်အိပ်နေချိန်တွင် လျှပ်စစ်မီးများ ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို နေ့စဉ် ချွေတာသင့်ပါသည်

# နိုင်ငံတော်တည်ငြိမ်ရေးနှင့် နယ်မြေအေးချမ်းသာယာရေးတို့အတွက် စစ်ဆင်ရေးတာဝန်များကို ထမ်းဆောင်ခဲ့သည့် ရှေ့တန်းပြန် နိုင်ငံ့သားကောင်း တပ်မတော်သားများအား သောင်းသောင်းဖြဖြ ဂုဏ်ပြုကြိုဆို

**နေပြည်တော် ဧပြီ ၂၇**

နိုင်ငံတော်တည်ငြိမ်ရေးနှင့် နယ်မြေအေးချမ်းသာယာရေးတို့အတွက် ရှမ်းပြည်နယ် (မြောက်ပိုင်း) မူဆယ်ဒေသတစ်ဝိုက် နယ်မြေလုံခြုံရေးတာဝန်များကို ထမ်းဆောင်၍ ပြန်လည်ရောက်ရှိလာသော ရှေ့တန်းပြန် နိုင်ငံ့သားကောင်း တပ်မတော်သားများအား ဂုဏ်ပြုကြိုဆိုခြင်းကို ယနေ့ညနေပိုင်းတွင် ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းတွမ်းမြို့ရှိ နယ်မြေခံတပ်ရင်း၌ ပြုလုပ်ရာ တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် စိုးမြတ်ထွဋ်နှင့် တာဝန်ရှိသူများ၊ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဒေသခံ တိုင်းရင်းသားပြည်သူများ ပါဝင်တက်ရောက် ဂုဏ်ပြုကြိုဆိုကြသည်။

တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ တိုင်းရင်းသားပြည်သူများ စိတ်အေးချမ်းသာစွာ နေထိုင်လုပ်ကိုင် စားသောက်နိုင်ရေးနှင့် အသက်အိုးအိမ်စည်းစိမ်ဥစ္စာ လုံခြုံမှုရှိစေရေး၊ နိုင်ငံတော်တည်ငြိမ်ရေး၊ နယ်မြေအေးချမ်းရေးအတွက် ရှေ့တန်းစစ်မျက်နှာများတွင် စစ်ဆင်ရေးတာဝန်များကို နေ့မအားညမနား စွမ်းစွမ်းတမံ တာဝန်ထမ်းဆောင်ခဲ့သော ရှေ့တန်းပြန် တပ်မတော်သားများအား တိုင်းမှူးနှင့် တက်ရောက်လာကြသူများက အောင်သပြေခက်များဖြင့်လည်းကောင်း၊ **တိုင်းရင်းသားရိုးရာ အတီး၊ အမှုတ်၊ အက၊ အခုန်များဖြင့်** လည်းကောင်း ဝမ်းမြောက်စွာ သောင်းသောင်းဖြဖြ ကြိုဆိုဂုဏ်ပြုကြသည်။ ထို့နောက် တိုင်းမှူးက အောင်ပွဲရ ရှေ့တန်းပြန် တပ်မတော်သားများအား ဂုဏ်ပြုအမှာစကားပြောကြားပြီး ဂုဏ်ပြုချီးမြှင့်ငွေနှင့် အသုံးအဆောင်ပစ္စည်းများ ပေးအပ်ခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**



**❒ ကျောဖုံးမှ**

အဆိုပါ သင်တန်းဖွင့်ပွဲများသို့ နေပြည်တော်ကောင်စီ ဥက္ကဋ္ဌ၊ တိုင်းဒေသကြီးနှင့် ပြည်နယ် ဝန်ကြီးချုပ်များ၊ တိုင်းမှူးများနှင့် တာဝန်ရှိသူများ တက်ရောက်၍ ပြည်သူ့စစ်မှုထမ်း သင်တန်း အမှတ်စဉ်(၂၄)မှသင်တန်းသားများအား တွေ့ဆုံကာ သင်တန်းသားများအတွက် ဂုဏ်ပြုချီးမြှင့်ငွေ၊ စားသောက်ဖွယ်ရာများနှင့် အသုံးအဆောင်ပစ္စည်းများ ပေးအပ်ကြပြီး သင်တန်းသားများအား လိုက်လံနှုတ်ဆက် အားပေးခဲ့ကြသည်။



ပြည်သူ့စစ်မှုထမ်းသင်တန်း အမှတ်စဉ်(၂၄) သင်တန်းဖွင့်ပွဲ ကျင်းပစဉ်။

ပြည်ထောင်စု မပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံး ညီညွတ်မှု မပြိုကွဲရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးဟူသည့် ဒို့တာဝန်အရေးသုံးပါးကို ထိန်းသိမ်းစောင့်ရှောက်ရန် နိုင်ငံသားတိုင်းတွင် တာဝန်ရှိကြသဖြင့် ယင်းတာဝန်များကို ထမ်းဆောင်နိုင်ရေးအတွက် စစ်ပညာသင်ကြားရန်နှင့် နိုင်ငံတော်၏ ကာကွယ်ရေးတာဝန်များကို ထမ်းဆောင်နိုင်ရန် ရည်ရွယ်၍ ပြည်သူ့စစ်မှုထမ်းဥပဒေကို ၂၀၂၄ ခုနှစ် ဖေဖော်ဝါရီလ ၁၀ ရက်နေ့တွင် စတင်အာဏာတည်စေခဲ့ပြီး ပြည်သူ့စစ်မှုထမ်းသင်တန်းများကို ဖွင့်လှစ်သင်ကြားပေးခဲ့သည်။ အဆိုပါပြည်သူ့စစ်မှုထမ်းသင်တန်းများမှ သင်တန်းဆင်းခဲ့သည့် ပြည်သူ့စစ်မှုထမ်း နိုင်ငံ့သားကောင်း များသည် တာဝန်ကျရာ တပ်ရင်း/တပ်ဖွဲ့ အသီးသီးတွင် နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို ဦးလည်မသုန်ကျေပွန်စွာ ထမ်းဆောင်နေကြပြီ ဖြစ်သည်။

ယနေ့တွင် ဖွင့်လှစ်လိုက်သည့် ပြည်သူ့စစ်မှုထမ်း သင်တန်း အမှတ်စဉ်(၂၄)မှ နိုင်ငံ့သားကောင်းလူငယ်များအဖြစ် နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို ဂုဏ်ယူစွာထမ်းဆောင်ရန် သင်တန်း တက်ရောက်ကြမည့် သင်တန်းသားများ၏ စကားသံများကိုလည်း ယခုလိုပဲ ကြားသိရပါသည်-

၁။ နိုင်ငံသား တစ်ယောက်အနေနဲ့ ဒီပြည်သူ့စစ်မှုထမ်းကို ထမ်းဆောင်သင့်တယ်ထင်လို့ ကျွန်တော်လာပြီး ထမ်းဆောင်တာဖြစ်ပါတယ်။ ဘယ်လိုခံယူချက်လဲဆိုတော့ မြန်မာနိုင်ငံမှာရှိတဲ့သူတွေ ယောကျ်ားသားတိုင်းက ဒီပြည်သူ့စစ်မှုထမ်းကို မည်သူမဆို ထမ်းဆောင်သင့်တယ် ထင်လို့ ကျွန်တော်လာရောက် ထမ်းဆောင်ခြင်းဖြစ်ပါတယ်။ ကျွန်တော့်မိသားစုတွေကတော့ ပြည်သူ့စစ်မှုထမ်းကို လိုလိုလားလားနဲ့ပါ။ မြန်မာနိုင်ငံသား တစ်ယောက်အနေနဲ့ပေါ့။ သူတို့ကတော့ တက်ရောက် စေချင်တယ်လို့ ကျွန်တော် ကိုယ်တိုင်ကလည်း တက်ရောက်ချင်တဲ့ စိတ်ရှိလို့ ပြည်သူ့စစ်မှုထမ်းကို တက်ရောက်ခြင်းဖြစ်ပါတယ်။ ကိုယ်ဝါသနာပါတာလဲဖြစ်သလို ကိုယ့်မိဘတွေကလည်း လိုက်ပြီးတော့ လိုက်လျောညီထွေစွာနဲ့ တိုက်တွန်းပေးတယ်။ ပြီးတော့ ဒီမှာအပေါင်းအသင်းဘော်ဒါတွေလည်းရှိတော့ ပိုပြီးပျော်ရွှင်ရပါတယ်။ ပြည်သူ့စစ်မှုထမ်းကို ပြဋ္ဌာန်းလိုက်တဲ့အချိန်မှာဆိုရင် နိုင်ငံသားတစ်ယောက်အနေနဲ့ ကိုယ့်နိုင်ငံကို တာဝန်ယူ ကာကွယ်ရမယ်ဆိုပြီး သိရှိ နားလည်လာပါတယ်။ ပြီးတော့ မျိုးချစ်စိတ်ဓာတ်နဲ့ နိုင်ငံကို ကာကွယ်ချင်တဲ့ စိတ်လည်း ဖြစ်လာပါလိမ့်မယ်။

၂။ တာဝန်သိတတ်တဲ့ နိုင်ငံသားတစ်ယောက်အနေနဲ့ ကျွန်တော် ကျရာတာဝန်ကို လာရောက်ထမ်းဆောင်ခြင်း ဖြစ်ပါတယ်။ ကျွန်တော် သင်တန်းပြီးသွားလို့ တာဝန်ကျတဲ့ တပ်ဌာနတွေမှာ ကျွန်တော် တာဝန်ကျေပွန်အောင် ထမ်းဆောင်သွားမယ်လို့ ပြောချင်ပါတယ်။

၃။ ကျွန်တော် ကိုယ်တိုင်လည်း ဒီသင်တန်းကို စိတ်ပါဝင်စားစွာ တက်ရောက်ဖို့ လာရောက်တက်ရောက်ခြင်း ဖြစ်ပါတယ်။ အလွန်ကောင်းပါတယ်။ မြန်မာနိုင်ငံသားအားလုံးလည်း ပါဝင်ဖို့ဖိတ်ခေါ်ပါတယ်။ ကျွန်တော့်အနေနဲ့ သင်တန်းမှာ သင်ပြသွားမယ့် ဘာသာရပ်တိုင်းကို အကောင်းဆုံးနဲ့ အတတ်နိုင်ဆုံး ကြိုးစာပြီးတော့ လေ့လာသွားပါမယ်။ ဒီသင်တန်းအပတ်စဉ် (၂၄) ပြီးဆုံးသွားရင် ကျွန်တော်ရဲ့ ကျရာတာဝန်၊ တပ်ရင်းကပေးတဲ့ တာဝန်ကို အကောင်းဆုံးတာဝန်ထမ်းဆောင်သွားပါမယ်။







## ကျေးရွာစိမ့်စမ်းရေသွယ်ယူခြင်းလုပ်ငန်း ကွင်းဆင်းကြီးကြပ်



**ကျောက်မဲ ဧပြီ ၂၇**

ရှမ်းပြည်နယ်(မြောက်ပိုင်း) ကျောက်မဲမြို့နယ် တောင်ဆေးလိတ်ကျေးရွာ၌ စိမ့်စမ်းရေသွယ်ယူခြင်း(အမြင့်တင်) (၂/၀)မိုင် လုပ်ငန်း ဆောင်ရွက်ရန် ယမန်နေ့နံနက်ပိုင်းတွင် ခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဒေါ်ဖြူဖြူအောင် ဦးစီးသည့်အဖွဲ့က နယ်မြေကွင်းဆင်းကြီးကြပ် ဆောင်ရွက်ခဲ့သည်။

ယင်းသို့ကွင်းဆင်းဆောင်ရွက်ရာတွင် ခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးက တောင်ဆေးလိတ်ကျေးရွာ ရပ်မိရပ်ဖများနှင့်တွေ့ဆုံပြီး ကျေးရွာသူ ကျေးရွာသားများ သောက်သုံးရေဖူလုံစေရေး၊ နွေရာသီတွင် ရေရှားပါးပြတ်လပ်မှုမရှိစေရေးအတွက် စိမ့်စမ်းအမြင့်တင်ရေသွယ်လုပ်ငန်း ဆောင်ရွက်ပေးခြင်းဖြစ်ကြောင်း၊ ရေရှည်တည်တံ့ကောင်းမွန်စေရေး ကျေးရွာလူထုက အလေးထားပိုင်းဝန်းထိန်းသိမ်း စောင့်ရှောက်ကြရန်လိုကြောင်း ဆွေးနွေးမှာကြားသည်။ ထို့နောက် အမြင့်တင်ရေကန်တည်ဆောက်မည့် ကျေးရွာပိုင်မြေနေရာကို ကွင်းဆင်းကြည့်ရှုစစ်ဆေးသည်။

အဆိုပါ ကျေးရွာစိမ့်စမ်းရေသွယ်ယူခြင်းလုပ်ငန်းကို ပြည်နယ်အစိုးရအရေးပေါ်ရန်ပုံငွေဖြင့် ဆောင်ရွက်သော Quick Win အစီအစဉ်ဖြင့် ဆောင်ရွက်ခြင်းဖြစ်ကြောင်း သိရသည်။ **ခရိုင်(ပြန်/ဆက်)**

# ပြည်မြို့၌ လေကြောင်းလူငယ်အခြေခံသင်တန်း ဖွင့်လှစ်



ပြည် မေ ၂၇

ကာကွယ်ရေးဦးစီးချုပ်ရုံး(လေ)၊ ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် ဒေသကွပ်ကဲမှု စစ်ဌာနချုပ်(ပြည်)တို့ ပူးပေါင်းစီစဉ်သည့် လေကြောင်းလူငယ်အခြေခံသင်တန်း အမှတ်စဉ်(၁/၂၀၂၆)ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းက ပြည်မြို့ ခေတ္တရာ ရတနာခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်း၊ ဒေသကွပ်ကဲမှုစစ်ဌာနချုပ်(ပြည်) ဒေသကွပ်ကဲရေးမှူး၊ တိုင်းဒေသကြီးဝန်ကြီးများ၊ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာများ၊ သင်တန်းသား သင်တန်းသူများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်က နိုင်ငံတော်ဖွံ့ဖြိုးရေးနှင့် ကာကွယ်ရေးအတွက် အားထားရသည့် ပျံသန်းရေးဆိုင်ရာပညာရှင်များ၊ လေကြောင်း စက်မှုလက်မှုပိုင်းဆိုင်ရာနှင့် မြို့ပြလေကြောင်းဆိုင်ရာ ပညာရှင်များဖြစ်စေရေး ကြိုးစားကြစေလိုကြောင်း ပြောကြားသည်။

**ကြည့်ရှုအားပေး**

ထို့နောက် အခြေခံလေကြောင်းလူငယ်သင်တန်းသားများအတွက် ထောက်ပံ့ငွေကျပ် ၆၂ သိန်းပေးအပ်ပြီး လေကြောင်းဆိုင်ရာ သမိုင်းမှတ်တမ်းဓာတ်ပုံများနှင့် သင်ထောက်ကူပစ္စည်းများကို ကြည့်ရှုအားပေး၍ သင်တန်းသား သင်တန်းသူများနှင့်အတူတကွ လက်ဖက်ရည်သုံးဆောင်ခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

# မြစ်ကြီးနားသင်တန်းစခန်း၌ အခြေခံလေကြောင်းလူငယ်သင်တန်း အမှတ်စဉ်(၁၀) ဖွင့်လှစ်



မြစ်ကြီးနား မေ ၂၇

မြစ်ကြီးနားသင်တန်းစခန်း၏ အခြေခံ လေကြောင်းလူငယ်သင်တန်းအမှတ်စဉ်(၁၀) ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းက မြစ်ကြီးနားမြို့ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် ဗလမင်းထင်ခန်းမ၌ ကျင်းပသည်။

**တက်ရောက်**

အခမ်းအနားသို့ ကချင်ပြည်နယ်ဝန်ကြီးချုပ် ဦးခက်ထိန်နန်၊ မြောက်ပိုင်းတိုင်း စစ်ဌာနချုပ်တိုင်းမှူး၊ တာဝန်ရှိသူများ၊ သင်တန်းသား သင်တန်းသူများနှင့် အုပ်ထိန်းသူမိဘများ တက်ရောက်ကြသည်။

ဦးစွာ ပြည်နယ်ဝန်ကြီးချုပ်က အဖွင့်အမှာစကား ပြောကြားပြီး တိုင်းမှူးက သင်တန်းဖွင့်လှစ်ရခြင်းရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။

ထို့နောက် အခြေခံလေကြောင်းလူငယ်သင်တန်းအတွက် ချီးမြှင့်ငွေကျပ်သိန်း ၆၀ နှင့် သင်တန်းသား သင်တန်းသူများအတွက် အထောက်အကူပြု ပစ္စည်းများနှင့် အလှူရှင်များအား ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ပြီး ခန်းမအတွင်း ခင်းကျင်းပြသထားသည့် လေကြောင်းဆိုင်ရာ အသုံးအဆောင်ပစ္စည်းများ၊ မှတ်တမ်းဓာတ်ပုံများကို ကြည့်ရှုအားပေး၍ အမှတ်(၄) အခြေခံပညာအထက်တန်းကျောင်းအတွင်း သင်တန်းသား သင်တန်းသူများ၏ အိပ်ဆောင်များ၊ စားရိပ်သာနှင့် သင်တန်းခန်းမဆောင်၊ စစ်ရေးပြကွင်း၊ စာကြည့်တိုက်၊ ကျန်းမာရေးစောင့်ရှောက်မှုပေးရန် အဆောင်နှင့် ဧည့်တွေ့ဆောင်များ ပြင်ဆင်ထားရှိမှုကို ကြည့်ရှုစစ်ဆေးသည်။

မွန်းလွဲပိုင်းတွင် ပြည်နယ်ဝန်ကြီးချုပ်သည် ပြည်နယ်အစိုးရအဖွဲ့ရုံး မလိခန်းမ၌ ကျင်းပသည့် ကချင်ပြည်နယ်၏ ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ် ဒေသန္တရစီမံကိန်း ရည်မှန်းချက်များ တာဝန်ပေးအပ်ပွဲအခမ်းအနားသို့ တက်ရောက်အမှာစကားပြောကြားပြီး ကချင်ပြည်နယ်၏ ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ် ဒေသန္တရစီမံကိန်း ရည်မှန်းချက်များ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေး တာဝန်ပေးအပ်သည်။

ယင်းနောက် ပြည်နယ်စီမံကိန်းရေးဆွဲအကောင်အထည်ဖော်ရေးကော်မတီဥက္ကဋ္ဌ စီမံကိန်း၊ စီးပွားရေးနှင့်ဘဏ္ဍာရေးဝန်ကြီး၊ ပြည်နယ်စီမံကိန်းရေးဆွဲရေး ဦးစီးဌာန ညွှန်ကြားရေးမှူးနှင့် ပြည်နယ်စာရင်းစစ်ချုပ်တို့က ဒေသန္တရစီမံကိန်းရည်မှန်းချက်များ ပြည့်မီစွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေး၊ ဆောင်ရွက်ရမည့်ကိစ္စရပ်များ၊ ငွေလုံးငွေရင်း စီမံကိန်းလုပ်ငန်းများနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြကြပြီး ပြည်နယ်ဝန်ကြီးချုပ် နိဂုံးချုပ်အမှာစကားပြောကြားခဲ့ကြောင်း သိရသည်။

**ပြည်နယ်(ပြန်/ဆက်)**

# မကွေးတိုင်းဒေသကြီး၌ အခြေခံလေကြောင်းလူငယ်သင်တန်း အမှတ်စဉ်(၁၀) ဖွင့်ပွဲကျင်းပ



မကွေး မေ ၂၇

ကာကွယ်ရေးဦးစီးချုပ်ရုံး(လေ)နှင့် မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့တို့ ပူးပေါင်းဖွင့်လှစ်သည့် အခြေခံ လေကြောင်းလူငယ်သင်တန်း အမှတ်စဉ်(၁၀)ဖွင့်ပွဲကို ယနေ့နံနက် ၉ နာရီက မကွေးမြို့ မြို့တော်ခန်းမ၌ ကျင်းပသည်။

သင်တန်းဖွင့်ပွဲသို့ မကွေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင်ကိုကို၊ တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ ဒေါက်တာမောင်မောင်ငွေး၊ နယ်မြေခံတပ်နယ်မှ တာဝန်ရှိသူများ၊ တိုင်းဒေသကြီးဝန်ကြီးများ၊ ဌာနဆိုင်ရာများ၊ မကွေးတပ်နယ် အသီးသီးမှ အရာရှိစစ်သည်များ၊ မကွေးလေတပ်စခန်းဌာနချုပ်မှ တာဝန်ရှိသူများ၊ အခြေခံလေကြောင်းလူငယ်သင်တန်း တက်ရောက်မည့် သင်တန်းသား သင်တန်းသူများနှင့် သင်တန်းသား မိဘများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်က သင်တန်းသားများအနေဖြင့် နောင်တစ်ချိန်တွင် လေကြောင်း ပညာရပ်ဆိုင်ရာ မျိုးဆက်သစ်ခေါင်းဆောင်ကောင်းများ ဖြစ်လာစေရန်အတွက် သက်ဆိုင်ရာစာပေနှင့် လက်တွေ့ဘာသာရပ်များကို သင်ကြားပေးသွားမည်ဖြစ်ပြီး RC လေယာဉ်၊ ရဟတ်ယာဉ်၊ Drone မောင်းနှင်ခြင်း၊ RC Simulator မောင်းနှင်ခြင်းနှင့် လေ့လာရေးခရီးစဉ်များ သွားရောက်ခြင်းတို့ကို ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ သင်တန်းသား သင်တန်းသူများ အနေဖြင့် စိတ်ဓာတ်၊ စည်းကမ်း၊ ပညာပြည့်ဝစွာဖြင့် ခေတ်စနစ်နှင့်အညီ တိုးတက်နေသောပညာရပ်များကို မျက်ခြည်မပြတ် လေ့လာသင်ယူကာ ရှေ့သို့ဆက်လက် ကြိုးပမ်းသွားကြရန်တိုက်တွန်းပြောကြားသည်။

ထို့နောက် မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့က အခြေခံ လေကြောင်း လူငယ်သင်တန်းအတွက် ဂုဏ်ပြုချီးမြှင့်ငွေများကို တိုင်းဒေသကြီး ဝန်ကြီးချုပ်က မကွေးလေတပ်စခန်း ဌာနချုပ်မှူးထံ ပေးအပ်သည်။

**ကြည့်ရှု**

ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် သင်တန်းတွင် အသုံးပြုမည့် သင်ထောက်ကူ ပစ္စည်းများနှင့် လေကြောင်းဆိုင်ရာ သမိုင်းမှတ်တမ်းဓာတ်ပုံများ ခင်းကျင်းပြသထားမှုကို လေ့လာကြည့်ရှုသည်။

အဆိုပါသင်တန်းကို မေ ၂၇ ရက်မှ မေ ၁၅ ရက်အထိ ရက်သတ္တသုံးပတ် (စနေနေ့အပါအဝင်) မကွေး လေတပ်စခန်းဌာနချုပ် (မကွေးသင်တန်းစခန်း) တွင် သင်ခန်းစာများကို စာတွေ့လက်တွေ့ သင်ကြားသွားမည်ဖြစ်ကြောင်းနှင့် သင်တန်းသို့ မကွေးတိုင်းဒေသကြီး အတွင်းမှ သင်တန်းသား သင်တန်းသူ ၅၀ တက်ရောက်ခွင့်ရရှိကြောင်း သိရသည်။

**မောင်ခိုင်မင်း(ပြန်/ဆက်)**



# ပေါင်မြို့နယ်၌ လွှတ်တော်ကိုယ်စားလှယ်များနှင့် တွေ့ဆုံပွဲပြုလုပ်

ပေါင် မေ ၂၇

မွန်ပြည်နယ် ပေါင်မြို့နယ်လွှတ်တော်ကိုယ်စားလှယ်များနှင့် တွေ့ဆုံပွဲကို မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဝါရီရှူခန်းမ၌ ယနေ့နံနက်ပိုင်းက ပြုလုပ်သည်။

ဦးစွာ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးထင်လင်းအောင်က လုပ်ငန်းများကို စနစ်တကျလုပ်ကိုင်ရန် လိုအပ်ကြောင်း၊ ရက်(၁၀၀)စီမံချက်ကို အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ နွေစပါးစိုက်ပျိုးသည့် ကျေးရွာအုပ်စုများအနေဖြင့် လိုအပ်သည်များကို တင်ပြကြရန်၊ စိုက်ဘဏ်မှချေးငွေများကို အကျေအပြေပေးဆောင်နိုင်ရေးဆောင်ရွက်ရန်၊ ပညာရေးကို အဆင့်မြှင့်တင်သွားမည်ဖြစ်ကြောင်း ဆွေးနွေးသည်။

ဆက်လက်၍ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဗိုလ်ဝင်း၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါ်အေးချမ်းမုံ၊ ပြည်နယ်လွှတ်တော်(၁) ကိုယ်စားလှယ် ဦးသန်းခိုင်၊ ပြည်နယ်လွှတ်တော်(၂) ကိုယ်စားလှယ် ဦးစံတင်တို့က အသီးသီး မိတ်ဆက်စကားပြောကြားပြီး မြို့နယ်အဆင့် ဌာနဆိုင်ရာများနှင့် ရပ်ကွက်/ကျေးရွာ အုပ်ချုပ်ရေးမှူးများက တစ်ဦးချင်းစီအလိုက် မိတ်ဆက်ခဲ့ကြောင်း သိရသည်။

**မွန်မလေး(ပြန်/ဆက်)**

# စားနပ်ရိက္ခာဖူလုံမှုမှသည် စီးပွားရေးအရှိန်အဟုန် မြှင့်တင်ပေးမည့် မြန်မာ့မွေးမြူရေးကဏ္ဍ

**ထက်ဇေယံ**

မျက်မှောက်ခေတ် ကမ္ဘာ့နိုင်ငံများတွင် နိုင်ငံတော်တည်ငြိမ်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် "စားနပ်ရိက္ခာဖူလုံမှု" (Food Security) သည် အခြေခံအကျဆုံး အုတ်မြစ်တစ်ခု ဖြစ်လာပါသည်။ မြန်မာနိုင်ငံကဲ့သို့ စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် နိုင်ငံတစ်နိုင်ငံအတွက် မွေးမြူရေးကဏ္ဍသည် ပြည်သူတို့၏ အာဟာရလိုအပ်ချက်ကို ဖြည့်ဆည်းပေးရုံသာမက နိုင်ငံတော်၏ အသားတင်ကုန်ထုတ်လုပ်မှုတန်ဖိုး (GDP) ကို မြှင့်တင်ပေးနိုင်သည့် အဓိကမောင်းနှင်အားလည်းဖြစ်ပါသည်။ ထို့ကြောင့် နိုင်ငံတော်၏ စီးပွားရေးဦးတည်ချက်များနှင့်အညီ မွေးမြူရေးကဏ္ဍတွင် သိရှိထားသင့်သည့် ခေတ်မီနည်းလမ်းများနှင့် အလားအလာများကို စာရေးသူ လေ့လာဖတ်မှတ်ထားသမျှ ဗဟုသုတအဖြစ် ပြန်လည်ဝေမျှလိုပါသည်။

**အမျိုးသားစီးပွားရေး၏ မဏ္ဍိုင်တစ်ရပ်ဖြစ်သော ကုန်ထုတ်လုပ်မှု**

နိုင်ငံတော်၏ စီးပွားရေးမူဝါဒများတွင် စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်မှုများ အားကောင်းစေရေးသည် အဓိကကျပါသည်။ မွေးမြူရေးလုပ်ငန်းသည် တန်ဖိုးကွင်းဆက်တစ်လျှောက်တွင် အလုပ်အကိုင် အခွင့်အလမ်းများစွာကို ဖန်တီးပေးနိုင်ပြီး ပြည်တွင်းစီးပွားရေးသံသရာကို လည်ပတ်စေသည့် အားကောင်းသော အထောက်အကူပြု ကဏ္ဍတစ်ခုဖြစ်လာပါသည်။

**ကျန်းမာကြံ့ခိုင်သော မျိုးဆက်သစ်တို့အတွက် အာဟာရကဏ္ဍ**

လူဦးရေတိုးတက်လာသည်နှင့်အမျှ အရည်အသွေးမီသော အသား၊ ငါး၊ ဥနှင့် နို့ထွက်ပစ္စည်းများ၏ ဝယ်လိုအားမှာလည်း မြင့်တက်လာပါသည်။ ပြည်တွင်း၌ ထုတ်လုပ်မှုဖူလုံခြင်းသည် ပြည်သူများ ပရိုတင်းဓာတ် လုံလောက်စွာရရှိစေကာ ဉာဏ်ရည်ထက်မြက်ပြီး ကျန်းမာသည့် အနာဂတ်မျိုးဆက်သစ်များကို ပျိုးထောင်ပေးရာရောက်သည့် "အမျိုးသားကျန်းမာရေး ရင်းနှီးမြှုပ်နှံမှု"ပင် ဖြစ်ပါသည်။

**ခေတ်မီစနစ်များသို့ ကူးပြောင်းခြင်း၏ အကျိုးကျေးဇူး**

ယခင်က လုပ်ကိုင်ခဲ့သည့် တစ်ပိုင်တစ်နိုင် လွှတ်ကျောင်းစနစ်မှသည် ယခုအခါ စနစ်ကျသော ခြံလှောင်မွေးမြူရေးနှင့် ဇီဝလုံခြုံမှု (Biosafety) မြင့်မားသည့်စနစ်များသို့ ကူးပြောင်းလုပ်ကိုင်လာကြပြီဖြစ်ပါသည်။ ဤသို့ နည်းပညာအခြေပြု ပြောင်းလဲခြင်းကြောင့် ထုတ်လုပ်မှုစွမ်းအားကို သိသာစွာ တိုးတက်စေသည့်အပြင် သဘာဝပတ်ဝန်းကျင်အပေါ် သက်ရောက်မှုကိုလည်း အနည်းဆုံးဖြစ်အောင် ထိန်းညှိပေးနိုင်ပါသည်။

**မျိုးကောင်းမျိုးသန့်များ၏ အရေးပါမှု**

မွေးမြူရေးလုပ်ငန်း အောင်မြင်ရန်အတွက် အခြေခံအကျဆုံးမှာ ဒေသရာသီဥတုနှင့်ကိုက်ညီသော မျိုးကောင်းမျိုးသန့်များ ရရှိရေးပင်ဖြစ်ပါသည်။ မျိုးရိုးဗီဇမြှင့်တင်ထားသော သားမျိုးများကို အသုံးပြုခြင်းဖြင့် မွေးမြူသည့်ကာလကို တိုတောင်းစေကာ အရည်အသွေးမြင့် အသားနှင့် နို့ထွက်ပစ္စည်းများကို ပိုမိုထိရောက်စွာ ထုတ်လုပ်နိုင်သည်ကို တွေ့ရှိရပါသည်။

**တိရစ္ဆာန်အစာနှင့် ဒေသထွက်ကုန်ကြမ်းများ၏ ဆက်စပ်မှု**

ကုန်ကျစရိတ်သက်သာပြီး အာဟာရပြည့်ဝသော အစာထုတ်လုပ်နိုင်ရန်မှာ မွေးမြူရေးလုပ်ငန်း၏ စိန်ခေါ်မှုတစ်ခုဖြစ်ပါသည်။ သို့သော် ဒေသထွက် ပြောင်း၊ ဖွဲနုနှင့် ပဲဖတ်ကဲ့သို့သော စိုက်ပျိုးရေးဘေးထွက်ပစ္စည်းများကို သိပ္ပံနည်းကျစပ်ဟပ် အသုံးပြုခြင်းဖြင့် ထုတ်လုပ်မှုစရိတ်ကို ထိရောက်စွာ လျှော့ချနိုင်သည့် အကျိုးကျေးဇူးကို ရရှိနိုင်ပါသည်။

**ကြိုတင်ကာကွယ်ခြင်းသည် ကုသခြင်းထက် ထိရောက်မှုရှိခြင်း**

တိရစ္ဆာန်ကူးစက်ရောဂါများကြောင့် ဆုံးရှုံးမှု မရှိစေရန်အတွက် ကာကွယ်ဆေးထိုးခြင်းနှင့် စနစ်တကျ စောင့်ကြပ်ကြည့်ရှုခြင်းသည် အရေးကြီးသောအခန်းကဏ္ဍမှ ပါဝင်ပါသည်။ တိရစ္ဆာန်ဆေးကုဆရာဝန်များ၏ အကြံပြုချက်ကို လိုက်နာဆောင်ရွက်ခြင်းသည် လုပ်ငန်းရေရှည်တည်တံ့မှုအတွက် အကောင်းဆုံးသော အာမခံချက်ပင်ဖြစ်ပါသည်။


မန္တလေးတိုင်းဒေသကြီး ပုသိမ်ကြီးမြို့နယ်ရှိ ဒေသနွား မျိုးထိန်းမျိုးပွားခြံကို တွေ့ရစဉ်။

**ဇီဝလုံခြုံမှု (Biosafety) နှင့် လုပ်ငန်းလုံခြုံမှု**

မွေးမြူရေးခြံများတွင် ဇီဝလုံခြုံမှုစံနှုန်းများကို လိုက်နာခြင်းသည် ပြင်ပမှ ရောဂါပိုးမဝင်ရောက်အောင် တားဆီးပေးရုံသာမက မိမိတို့၏ ရင်းနှီးမြှုပ်နှံမှုကိုပါ ကာကွယ်ပေးရာရောက်ပါသည်။ ဤစနစ်သည် စားသုံးသူများအတွက်လည်း ဘေးကင်းစိတ်ချရသော အစားအစာဖြစ်ကြောင်း သက်သေပြနိုင်သည့် အချက်တစ်ချက်ဖြစ်ပါသည်။

**ခေတ်မီစက်ကိရိယာများဖြင့် လုပ်ငန်းစွမ်းဆောင်ရည်မြှင့်တင်ခြင်း**

ယနေ့ခေတ်တွင် အလိုအလျောက် အစာကျွေးစနစ်နှင့် ရေပေးဝေရေးစနစ်များကဲ့သို့သော ခေတ်မီစက်ကိရိယာများကို အသုံးပြုလာခြင်းဖြင့် လုပ်အားခကို သက်သာစေပါသည်။ ထိုကဲ့သို့ နည်းပညာများ ပေါင်းစပ်ခြင်းကြောင့် မွေးမြူရေးလုပ်ငန်းများသည် ပိုမိုမြန်ဆန်ပြီး ထိရောက်သော အဆင့်သို့ ရောက်ရှိလာပါသည်။

**ငါးနှင့် ပုစွန်မွေးမြူရေး၏ စီးပွားရေးအလားအလာ**

မြန်မာနိုင်ငံ၏ သဘာဝရေမြေ သယံဇာတများသည် ရေချို၊ ရေငန် မွေးမြူရေးအတွက် များစွာ အားသာချက်ရှိပါသည်။ ခေတ်မီရေသန့်စင်စနစ်နှင့် လေပေးစနစ်များကို အသုံးပြု၍ တစ်ဧကအထွက်နှုန်းမြှင့်တင်နိုင်ခြင်းက ပြည်ပဝင်ငွေကို ရှာဖွေပေးနိုင်မည့် အလားအလာကောင်းများပင်ဖြစ်ပါသည်။

**နို့နှင့် နို့ထွက်ပစ္စည်းများ၏ တန်ဖိုးမြှင့်ကဏ္ဍ**

နို့စားနွားမွေးမြူရေးကို စနစ်တကျ ဆောင်ရွက်ခြင်းဖြင့် ပြည်ပမှ နို့မှုန့်တင်သွင်းရမှုကို လျှော့ချနိုင်မည်ဖြစ်ပါသည်။ နို့စိမ်းမှတစ်ဆင့် ဒိန်ချဉ်၊ ထောပတ်နှင့် ဒိန်ခဲ စသည့်တန်ဖိုးမြှင့် ထုတ်ကုန်များအဖြစ် ပြောင်းလဲထုတ်လုပ်ခြင်းဖြင့် ထိုက်တန်သော ဈေးကွက်ရရှိနိုင်သည်ကို သိရှိနိုင်ပါသည်။

**MSMEs ကဏ္ဍနှင့် ကျေးလက်စီးပွားရေး**

ကျေးလက်နေမိသားစု တစ်ပိုင်တစ်နိုင် မွေးမြူရေးလုပ်ငန်းများ (MSMEs) သည် ဆင်းရဲနွမ်းပါးမှု လျှော့ချရေးအတွက် အဓိကသော့ချက်ဖြစ်ပါသည်။ ဤလုပ်ငန်းငယ်လေးများ ဖွံ့ဖြိုးလာခြင်းက ဒေသတွင်းစီးပွားရေးကို အောက်ခြေမှစ၍ ခိုင်မာအောင် တည်ဆောက်ပေးခြင်းပင်ဖြစ်ပါသည်။

**စိုက်ပျိုးရေးနှင့် မွေးမြူရေး အပြန်အလှန်အကျိုးပြုမှု**

မွေးမြူရေးမှရသော စွန့်ပစ်ပစ္စည်းများကို သဘာဝမြေသြဇာအဖြစ် ပြန်လည်အသုံးပြုခြင်းဖြင့် စိုက်ပျိုးရေးကဏ္ဍကို အထောက်အကူပြုနိုင်ပါသည်။ ယင်းသည် ဓာတ်မြေသြဇာသုံးစွဲမှုကို လျှော့ချပေးပြီး အော်ဂဲနစ်စိုက်ပျိုးရေးနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးကို တစ်ပြိုင်နက်တည်း လုပ်ဆောင်ရာရောက်ပါသည်။

**လူသားအရင်းအမြစ်နှင့် ကျွမ်းကျင်မှုပိုင်းဆိုင်ရာဖွံ့ဖြိုးမှု**

ခေတ်မီနည်းပညာများကို ကျွမ်းကျင်စွာ အသုံးချနိုင်မည့် ပညာရှင်များနှင့် ကျွမ်းကျင်လုပ်သားများရှိနေခြင်းသည် ကဏ္ဍတစ်ခုလုံး ဖွံ့ဖြိုးရန်အတွက် မရှိမဖြစ်လိုအပ်ပါသည်။ လက်တွေ့အသုံးချသင်တန်းများမှတစ်ဆင့် မွေးမြူသူတောင်သူများ၏ စွမ်းဆောင်ရည်ကို မြှင့်တင်ပေးခြင်းသည် အနာဂတ်အတွက် ရင်းနှီးမြှုပ်နှံခြင်းပင်ဖြစ်ပါသည်။

**သုတေသနနှင့် ဖွံ့ဖြိုးရေး၏အရေးပါပုံ**

ဒေသနှင့်ကိုက်ညီသော နည်းစနစ်သစ်များနှင့် ရောဂါရှာဖွေရေးနည်းပညာများကို သုတေသနပြုဖော်ထုတ်ခြင်းသည် လုပ်ငန်း၏အောင်မြင်မှုကို အရှိန်အဟုန်မြှင့်တင်ပေးပါသည်။ တက္ကသိုလ်များနှင့် လုပ်ငန်းခွင်အကြား ချိတ်ဆက်မှုအားကောင်းခြင်းက လက်တွေ့ကျသော ဖွံ့ဖြိုးမှုကိုဖြစ်စေပါသည်။

**တန်ဖိုးမြှင့်ထုတ်ကုန်များ (Value-Added Products) ဖြင့် ဈေးကွက်ရှာဖွေခြင်း**

အသား၊ ငါးများကို အကြမ်းထည်ထက် အေးခဲအသားနှင့် စည်သွတ်ဘူးများကဲ့သို့ တန်ဖိုးမြှင့်ထုတ်ကုန်များအဖြစ် ထုတ်လုပ်ခြင်းက နိုင်ငံတကာဈေးကွက်တွင် နေရာရရှိစေပါသည်။ ဤသို့ပြုလုပ်ခြင်းက ပို့ကုန်ကဏ္ဍကို မြှင့်တင်ပေးရုံသာမက စက်မှုလက်မှုကဏ္ဍကိုလည်း အားကောင်းစေပါသည်။

**နိုင်ငံတကာစံနှုန်းများနှင့် အရည်အသွေးထိန်းချုပ်မှု**

SPS (Sanitary and Phytosanitary) အစီအမံများနှင့် GAP/GAHP စံနှုန်းများကို လိုက်နာခြင်းသည် မြန်မာ့ထုတ်ကုန်များကို ကမ္ဘာ့ဈေးကွက်က ယုံကြည်လက်ခံလာစေသည့် အခြေခံအချက်များဖြစ်ပါသည်။ ဤစံနှုန်းများသည် မိမိတို့၏ထွက်ကုန်များ အရည်အသွေး အာမခံချက်အတွက် အလွန်အရေးကြီးပါသည်။

**ရာသီဥတုပြောင်းလဲမှုနှင့် ခံနိုင်ရည်ရှိသော မွေးမြူရေး**

ရာသီဥတုဖောက်ပြန်မှုဒဏ်ကို ခံနိုင်ရည်ရှိရန်အတွက် အပူဒဏ်ခံနိုင်သောမျိုးစိတ်များ ရွေးချယ်ခြင်းနှင့် အမိုးအကာစနစ်များ အဆင့်မြှင့်တင်ခြင်းတို့ကို ဦးစားပေးဆောင်ရွက်လာကြပြီဖြစ်ပါသည်။ ဤနည်းဗျူဟာများသည် သဘာဝဘေးဒဏ်များအကြား လုပ်ငန်းမပျက်စီးအောင် ထိန်းသိမ်းပေးနိုင်ပါသည်။

**ပုဂ္ဂလိကကဏ္ဍနှင့် ရင်းနှီးမြှုပ်နှံမှု အခွင့်အလမ်းများ**

ပြည်တွင်း၊ ပြည်ပ ရင်းနှီးမြှုပ်နှံမှုများနှင့် အစိုးရ-ပုဂ္ဂလိကပူးပေါင်းဆောင်ရွက်မှု (PPP) သည် မွေးမြူရေးကဏ္ဍကို အရှိန်အဟုန်ဖြင့် ဖွံ့ဖြိုးစေပါသည်။ ပုဂ္ဂလိကကဏ္ဍ၏အရင်းအနှီးနှင့် အစိုးရ၏ မူဝါဒပိုင်းပံ့ပိုးမှုများပေါင်းစပ်ခြင်းက ကဏ္ဍစုံဖွံ့ဖြိုးမှုကို ဖြစ်ပေါ်စေပါသည်။

**ဒစ်ဂျစ်တယ်နည်းပညာနှင့် ဈေးကွက်သတင်းအချက်အလက်**

ယနေ့ခေတ်တွင် မွေးမြူသူများအတွက် ထိုက်တန်သောဈေးနှုန်းရရှိစေရန် ဒစ်ဂျစ်တယ် သတင်းအချက်အလက်စနစ်များက ကူညီပေးလျက်ရှိပါသည်။ ဝယ်လိုအားနှင့် ရောင်းလိုအားကို ကြိုတင်ခန့်မှန်းနိုင်ခြင်းက ဈေးကွက်ပျက်စီးမှုကို ကာကွယ်ပေးနိုင်သည့် နည်းလမ်းကောင်းတစ်ခုဖြစ်ပါသည်။

**ဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့် လူမှုစီးပွားဟန်ချက်**

ပြဋ္ဌာန်းထားသော ဥပဒေများကို လိုက်နာစောင့်ထိန်းခြင်းဖြင့် လုပ်ငန်းများ စနစ်တကျရှိစေကာ သဘာဝပတ်ဝန်းကျင်ကို မထိခိုက်စေဘဲ ဒေသခံလူမှုစီးပွားဘဝများနှင့် သဟဇာတဖြစ်စွာ တိုးတက်လာနိုင်မည်ဖြစ်ပါသည်။

မွေးမြူရေးကဏ္ဍသည် နိုင်ငံတော်၏စီးပွားရေးလုံခြုံမှုနှင့် ပြည်သူတို့၏ လူမှုဘဝမြှင့်တင်ရေးအတွက် မရှိမဖြစ် အရေးပါသောကဏ္ဍတစ်ခုဖြစ်ကြောင်း တွေ့ရှိရပါသည်။ ခေတ်မီနည်းပညာများကို လက်ခံကျင့်သုံးခြင်း၊ စံနှုန်းများကိုလိုက်နာခြင်းနှင့် အပြန်အလှန် ပူးပေါင်းဆောင်ရွက်ခြင်းများမှတစ်ဆင့် မြန်မာ့မွေးမြူရေးကဏ္ဍသည် နိုင်ငံတကာအဆင့်မီ ဖွံ့ဖြိုးတိုးတက်လာမည်မှာ မြေကြီးလက်ခတ်မလွဲဖြစ်ပါသည်။ ထို့ကြောင့် စားနပ်ရိက္ခာဖူလုံမှုမှသည် အမျိုးသားစီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုဆီသို့ မွေးမြူရေးကဏ္ဍမှတစ်ဆင့် တက်လှမ်းနိုင်ပါစေကြောင်း အသိပညာပေး ရေးသားလိုက်ရပါသည်။ ။

**မွေးမြူရေးလုပ်ငန်း အောင်မြင်ရန်အတွက် အခြေခံအကျဆုံးမှာ ဒေသရာသီဥတုနှင့်ကိုက်ညီသော မျိုးကောင်းမျိုးသန့်များ ရရှိရေးပင်ဖြစ်ပါသည်။ မျိုးရိုးဗီဇမြှင့်တင်ထားသော သားမျိုးများကို အသုံးပြုခြင်းဖြင့် မွေးမြူသည့်ကာလကို တိုတောင်းစေကာ အရည်အသွေးမြင့် အသားနှင့် နို့ထွက်ပစ္စည်းများကို ပိုမိုထိရောက်စွာထုတ်လုပ်နိုင်**

# တာချီလိတ်မြို့ ဝိန်းကျောက်ရပ်ကွက်အတွင်း အွန်လိုင်းလိမ်လည်လောင်းကစားမှု လုပ်ကိုင်နေသူများအား ဆက်စပ်ပစ္စည်းများနှင့်အတူ ဖမ်းဆီးရမိ

**နေပြည်တော် မေ ၂၇**

နိုင်ငံတော်အစိုးရ အနေဖြင့် နိုင်ငံတကာနှင့် တစ်ကမ္ဘာလုံးကို အန္တရာယ်ပေးနေသည့် အွန်လိုင်း လိမ်လည် လောင်းကစားမှု တိုက်ဖျက်ရေး လုပ်ငန်းစဉ်များကို အမျိုးသားရေး တာဝန်တစ်ရပ် အဖြစ်ခံယူကာ မြန်မာနိုင်ငံအတွင်း လုံးဝအခြေမပြုနိုင်ရေးအတွက် ပြည်တွင်းအင်အားစုများအပြင် အိမ်နီးချင်းနိုင်ငံ အစိုးရများနှင့်လည်း ပေါင်းစပ်ညှိနှိုင်း၍တက်ကြွစွာ ဆောင်ရွက်လျက်ရှိသည်။


ထိုသို့ ဆောင်ရွက်လျက်ရှိရာ ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်မြို့နယ်အတွင်း၌ အွန်လိုင်း လိမ်လည်လောင်းကစားမှုလုပ်ငန်းများ လုပ်ဆောင်နေကြောင်း သတင်းအရ လုံခြုံရေးတပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့က သွားရောက်စစ်ဆေးရာ ယနေ့ နံနက် ၁၁ နာရီ မိနစ် ၅၀ ခန့်တွင် တာချီလိတ်မြို့ ဝိန်းကျောက်ရပ်ကွက် တော်ကော့(တွင်း)ရပ် လိုမာဟိုတယ်အနီး၌ အွန်လိုင်း လိမ်လည်လောင်းကစားမှုလုပ်ငန်းများ လုပ်ကိုင်နေသည့် တရုတ်နိုင်ငံသား အမျိုးသား သုံးဦး၊ မြန်မာနိုင်ငံသား အမျိုးသမီး ခြောက်ဦးတို့ကို အွန်လိုင်းလိမ်လည်လောင်းကစားမှု လုပ်ငန်းများ လုပ်ကိုင်ရာတွင် အသုံးပြုသည့် All In One Computer သုံးလုံး၊ Laptop ၁၃ လုံး၊ ဖုန်းမျိုးစုံ အလုံး ၃၂၀၊ Tablet မျိုးစုံ ၁၀၈ လုံး၊ Printer တစ်လုံး၊ Wifi စက်ခြောက်လုံးနှင့် ဆက်စပ်ပစ္စည်းများနှင့်အတူ ဖမ်းဆီးထိန်းသိမ်းရမိခဲ့သည်။

ဆက်လက်၍ လုံခြုံရေးတပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့က ရှာဖွေစစ်ဆေးမှုများ ဆက်လက်ဆောင်ရွက်ခဲ့ရာ မွန်းလွဲ ၂ နာရီ ၁၀ မိနစ်ခန့်တွင် အဆိုပါ ရပ်ကွက်အတွင်း နေအိမ်တစ်လုံး၌ အွန်လိုင်းလိမ်လည်လောင်းကစားမှုလုပ်ငန်းများ ကျူးလွန်လျက်ရှိသည့် တရုတ်နိုင်ငံသား အမျိုးသား ရှစ်ဦး၊ တရုတ်နိုင်ငံသား ထိုင်ဝမ်လူမျိုး အမျိုးသမီး တစ်ဦး၊ မြန်မာနိုင်ငံသား အမျိုးသား ၂၇ ဦးနှင့် အမျိုးသမီး ခုနစ်ဦးတို့ကို အွန်လိုင်း လိမ်လည် လောင်းကစားမှု ကျူးလွန်ရာတွင် အသုံးပြုသည့် All In One Computer ၂၃ လုံး၊ မော်နီတာ တစ်လုံး၊ System ပုံး တစ်လုံး၊ ဖုန်းမျိုးစုံ ၅၂ လုံးနှင့် ဆက်စပ်ပစ္စည်းများနှင့်အတူ ထပ်မံဖမ်းဆီးထိန်းသိမ်းနိုင်ခဲ့ သောကြောင့် တရားမဝင် အွန်လိုင်းလိမ်လည်မှုနှင့် လောင်းကစားမှု ကျူးလွန်သူ စုစုပေါင်း ၅၂ ဦးနှင့် လုပ်ငန်းသုံးပစ္စည်းများအား ဖမ်းဆီးထိန်းသိမ်းနိုင်ခဲ့သည်။

အဆိုပါ ဖမ်းဆီးရမိသူများကို ဥပဒေနှင့်အညီ ထိထိရောက်ရောက် အရေးယူ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ နောက်ကွယ်မှ ပါဝင်ပတ်သက်သူများကိုလည်း စိစစ်ဖော်ထုတ်ကာ တရားဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူနိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်းနှင့် ဖမ်းဆီးရမိသော တရားမဝင် အွန်လိုင်းလောင်းကစားမှုကျူးလွန်ရာတွင် အသုံးပြုသည့် ပစ္စည်းများအား လုပ်ထုံးလုပ်နည်းများနှင့် အညီ ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်သည်။

မြန်မာနိုင်ငံအစိုးရ အနေဖြင့် အွန်လိုင်း လိမ်လည်မှုများနှင့် အွန်လိုင်း လောင်းကစားမှု တိုက်ဖျက်ရေးလုပ်ငန်းစဉ်များကို တက်ကြွစွာ ပူးပေါင်းဆောင်ရွက်လျက်ရှိသည့်အပြင် အကြောင်းအမျိုးမျိုးကြောင့် မြန်မာနိုင်ငံအတွင်းသို့ ရောက်ရှိနေပြီး အွန်လိုင်းလိမ်လည်လောင်းကစားမှုတွင် တစ်နည်းနည်းဖြင့် ပါဝင်ပတ်သက်နေသည့် ပြည်ပနိုင်ငံသားများကိုလည်း တရားဥပဒေနှင့်အညီ စစ်ဆေးကာ လူသားချင်းစာနာထောက်ထားမှုနှင့် နိုင်ငံအချင်းချင်း ချစ်ကြည်ရင်းနှီးမှုတို့ကိုရှေးရှု၍ သက်ဆိုင်ရာနိုင်ငံများသို့ပြန်လည်လွှဲပြောင်းပေးခြင်းများ၊ အဓိက ပြစ်မှုကျူးလွန်ခဲ့သူများကိုလည်း ဖမ်းဆီးထိန်းသိမ်းပြီး သက်ဆိုင်ရာ အစိုးရအဖွဲ့ထံ တရားဝင် လွှဲပြောင်းပေးခြင်းများနှင့် တရားဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူခြင်းများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။


**သတင်းစဉ်**




တာချီလိတ်မြို့အတွင်း အွန်လိုင်းလောင်းကစားလုပ်ငန်းနှင့် အွန်လိုင်းငွေလိမ်လုပ်ငန်း လုပ်ကိုင်သူများကို ဖမ်းဆီးရမိသည့် နေရာများပြပုံ။



တာချီလိတ်မြို့ ဝိန်းကျောက်ရပ်ကွက် တော်ကော့(တွင်း)ရပ် လိုမာဟိုတယ်အနီးရှိ နေအိမ်၌ဖမ်းဆီးရမိခဲ့သည့် တရားမဝင် တရုတ်နိုင်ငံသား အမျိုးသား သုံးဦးကို တွေ့ရစဉ်။



တာချီလိတ်မြို့ ဝိန်းကျောက်ရပ်ကွက် တော်ကော့(တွင်း)၌ ဖမ်းဆီးရမိသည့် တရုတ်နိုင်ငံသား အမျိုးသား ရှစ်ဦးကို တွေ့ရစဉ်။



တာချီလိတ်မြို့ ဝိန်းကျောက်ရပ်ကွက် တော်ကော့(တွင်း)၌ တရားမဝင် အွန်လိုင်းလောင်းကစားလုပ်ကိုင်သူ မြန်မာနိုင်ငံသား အမျိုးသား ၂၇ ဦးကို ဖမ်းဆီးရမိစဉ်။



တာချီလိတ်မြို့ ဝိန်းကျောက်ရပ်ကွက် တော်ကော့(တွင်း)၌ တရားမဝင် အွန်လိုင်းလောင်းကစားလုပ်ကိုင်သူများအား အွန်လိုင်းလောင်းကစားပြုလုပ်ရာတွင် အသုံးပြုသည့် ပစ္စည်းများနှင့်အတူ ဖမ်းဆီးရမိစဉ်။



တာချီလိတ်မြို့ ဝိန်းကျောက်ရပ်ကွက် တော်ကော့(တွင်း)၌ တရားမဝင်အွန်လိုင်းလောင်းကစားမှုကျူးလွန်ရာတွင် အသုံးပြုသည့် လုပ်ငန်းသုံးပစ္စည်းများ သိမ်းဆည်းရမိမှုကို တွေ့ရစဉ်။



တာချီလိတ်မြို့ ဝိန်းကျောက်ရပ်ကွက် တော်ကော့(တွင်း)ရပ် လိုမာဟိုတယ်အနီးရှိ တရားမဝင် အွန်လိုင်းလောင်းကစားမှုကျူးလွန်ရာတွင် အသုံးပြုသည့် အဆောက်အအုံများ သိမ်းဆည်းရမိမှုကို တွေ့ရစဉ်။

# အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

**နေပြည်တော် မေ ၂၇**

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသည့် CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံ အဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန်ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့ လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ် အရေးယူသွားမည်ဖြစ်ကြောင်း မိဘပြည်သူများ သိရှိနိုင်ရေး အသိပေး သတင်းထုတ်ပြန်ပြီးဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း မေ ၂၆ ရက်တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုမူလုပ်ဆောင်ခဲ့သည့် “Thu Thu Xtet San” Facebook အကောင့်ပိုင်ရှင်ဖြစ်သူ ကရင်ပြည်နယ် မြဝတီမြို့နယ် အမှတ်(၃)ရပ်ကွက်နေ သူသူထက်စံ(ခ) သုန်သုန်အား ညနေ ၄ နာရီခွဲတွင် မြဝတီမြို့မရဲစခန်း၌ တရားဥပဒေနှင့်အညီဖမ်းဆီးထိန်းသိမ်း အမှုဖွင့်လှစ်အရေးယူဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ၂၀၂၆ ခုနှစ် ကာကွယ်ရေးဦးစီးချုပ်(လေ) တံခွန်စိုက်ဒိုင်း သေနတ်ပစ်ပြိုင်ပွဲ ဖွင့်ပွဲပြုလုပ်

တောင်ငူ ဧပြီ ၂၇

၂၀၂၆ ခုနှစ် ကာကွယ်ရေးဦးစီးချုပ်(လေ) တံခွန်စိုက်ဒိုင်း သေနတ်ပစ်ပြိုင်ပွဲဖွင့်ပွဲကို ယနေ့ နံနက်ပိုင်းတွင် တောင်ငူမြို့ရှိ တောင်ငူလေတပ်စခန်း ဌာနချုပ် မီတာ-၃၀၀ စက်ပစ်ကွင်း၌ ကျင်းပရာ တောင်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် စိုးကျော်ထက်၊ တောင်ငူလေတပ်စခန်း ဌာနချုပ် လေတပ်စခန်းဌာနချုပ်မှူး ဗိုလ်မှူးကြီး ရန်နိုင်၊ တောင်ပိုင်းတိုင်းစစ်ဌာနချုပ်မှ တပ်မတော်အရာရှိကြီးများ၊ တပ်မတော်(လေ)မှ အရာရှိကြီးများ၊ အရာရှိ/စစ်သည်များ၊ မိသားစုဝင်များနှင့် ပြိုင်ပွဲဝင် အသင်းများ တက်ရောက်ကြသည်။

ဦးစွာ ကာကွယ်ရေးဦးစီးချုပ်(လေ)ကိုယ်စား တောင်ငူလေတပ်စခန်းဌာနချုပ် လေတပ်စခန်း ဌာနချုပ်မှူး ဗိုလ်မှူးကြီး ရန်နိုင်က အမှာစကား ပြောကြားသည်။ ထို့နောက် လေတပ်စခန်း ဌာနချုပ်မှူးက မိုးပျံပူဖောင်းအား သေနတ်ဖြင့် ပစ်ဖောက်၍ အခမ်းအနားကို ဖွင့်လှစ်ပေးပြီး တက်ရောက်လာကြသူများနှင့်အတူ ပြိုင်ပွဲပထမနေ့ ပွဲစဉ်များဖြစ်သည့် အမျိုးသားပစ္စတိုပွဲစဉ်(အမြန် နှင့် လျှပ်တစ်ပြက်)၊ အမျိုးသမီးပစ္စတိုပွဲစဉ်(အမြန်နှင့် လျှပ်တစ်ပြက်)၊ အမျိုးသမီးကာဘိုင်ပွဲစဉ်များကို ကြည့်ရှုအားပေးသည်။

အဆိုပါ ကာကွယ်ရေးဦးစီးချုပ်(လေ)တံခွန် စိုက်ဒိုင်း သေနတ်ပစ်ပြိုင်ပွဲကို ကာကွယ်ရေးဦးစီး ချုပ်ရုံး(လေ) ကွပ်ကဲမှုအောက်ရှိ ဌာနချုပ်၊ လေတပ်စခန်းဌာနချုပ်များနှင့် လေတပ်စခန်းအသီးသီးမှ ပြိုင်ပွဲဝင်အမျိုးသားအသင်း ၁၃ သင်း၊ အမျိုးသမီး အသင်း ၁၁ သင်းတို့ဖြင့် ဧပြီ ၂၇ ရက်မှ မေ ၁ ရက်အထိ ယှဉ်ပြိုင်ကစားသွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်



# ရန်ကုန်အဝေးသင်တက္ကသိုလ် ဥပဒေပညာဌာန၏ သက်ပြည့်အငြိမ်းစားယူသွားသည့် ဆရာမကြီးများအား ဂုဏ်ပြုပွဲကျင်းပ

ရန်ကုန် ဧပြီ ၂၇

ရန်ကုန် အဝေးသင်တက္ကသိုလ် ဥပဒေပညာဌာန၏ HRD Program (Hybrid System) ဖြင့် အောင်မြင်ခဲ့ပြီး တရားလွှတ်တော်ရှေ့နေ လိုင်စင်ရရှိခြင်း (၁၀)နှစ်ပြည့်၊ ဥပဒေသင်တန်းများ စတင်ဖွင့်လှစ်ခဲ့သည့် (၁၄) နှစ်ပြည့် အထိမ်း အမှတ်တွေ့ဆုံပွဲနှင့် သက်ပြည့် အငြိမ်းစားယူသွားသည့် ဆရာမကြီးများအား ဂုဏ်ပြုပွဲကို ယမန်နေ့ညနေပိုင်းတွင် Royal Garden စားသောက်ဆိုင်၌ ကျင်းပသည်။



ဦးစွာ ရန်ကုန်အဝေးသင်တက္ကသိုလ် ပါမောက္ခချုပ် ဆရာမကြီး ဒေါက်တာအိအိဟန်က ဂုဏ်ပြုနှုတ်ဆက်စကား ပြောကြားပြီး ရန်ကုန်အဝေးသင်တက္ကသိုလ် အငြိမ်းစား ပါမောက္ခချုပ် ဆရာကြီး ဒေါက်တာ လှတင့်က အမှတ်တရစကား ပြောကြားသည်။

ဆက်လက်၍ HRD ဥပဒေသင်တန်းများ၏ Online Founder ဆရာကြီး ဆရာမကြီးတို့နှင့်အတူ အောင်မြင်အောင် ဝိုင်းဝန်းဆောင်ရွက်ပေးခဲ့သော ဆရာမကြီးအား တာဝန်ရှိသူများနှင့် HRD Program (Hybrid System)ဖြင့် အောင်မြင်ခဲ့ပြီး တရားလွှတ်တော်ရှေ့နေများနှင့် ကျောင်းသားကျောင်းသူများက ဂုဏ်ပြုလက်ဆောင်များ ပေးအပ်ကြသည်။

ယင်းနောက် ရန်ကုန်အဝေးသင်တက္ကသိုလ် ဥပဒေပညာဌာနမှ သက်ပြည့်အငြိမ်းစားယူသွားသည့် ပါမောက္ခ/ဌာနမှူး ဆရာမကြီး ဒေါက်တာ ဒေါ်တင်ငွေးအိအား ကျောင်းသား ကျောင်းသူများက ဂါရဝပြုလက်ဆောင်များပေးအပ်ကြကြောင်း သိရသည်။

အောင်မြင့်(ပြန်/ဆက်)



# မင်းလှမြို့ ဇေယျာသီရိဈေး၌ မီးဘေးလုံခြုံရေးစစ်ဆေး

မင်းလှ ဧပြီ ၂၇

မကွေးတိုင်းဒေသကြီး မင်းလှမြို့နယ်တွင် မြို့နယ်မီးသတ်ဦးစီးဌာနက ဇေယျာသီရိဈေး၌ မီးဘေးလုံခြုံရေးစစ်ဆေးခြင်းကို ယနေ့ မွန်းလွဲပိုင်းတွင် ဆောင်ရွက်သည်။

ထိုသို့ဆောင်ရွက်ရာတွင် မြို့နယ်မီးသတ်ဦးစီးဌာနမှ မြို့နယ် ဦးစီးမှူး ဦးကျော်စိုးလင်းနှင့်တပ်ဖွဲ့ဝင်များက ဈေးအတွင်းရှိ ဈေးဆိုင်ခန်းများ မီးသုံးစွဲရာတွင် စနစ်တကျ သုံးစွဲရန်၊ မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးအတွက် မီးသတ်ဆေးဘူးများ ကောင်း/မကောင်းစစ်ဆေးခြင်း၊ ဈေးအတွင်း မီးသတ်ရေလှောင်ကန်များစစ်ဆေးခြင်း၊ မီးလောင်မှု မဖြစ်ပွားစေရေး ဆောင်ရွက်ရမည့် စည်းကမ်းချက်များကို ဈေးသူ ဈေးသားများ လိုက်နာစေရေး စစ်ဆေးခဲ့ကြောင်း သိရသည်။

ကိုခန့်



ရေဝတီတိုင်းဒေသကြီး လေးမျက်နှာမြို့နယ်အတွင်း ရပ်ကွက်အုပ်စုကျေးရွာများရှိ လူနေအိမ်များ မီးလောင်မှု မဖြစ်ပေါ်စေရေးအတွက် လေးမျက်နှာမြို့နယ်မီးသတ်ဦးစီးမှူး ဦးရဲနောင်ဝင်း၏ စီမံမှုဖြင့် ဧပြီ ၂၇ ရက် နံနက်ပိုင်းက တစ်အိမ်တက်ဆင်း မီးဘေးကြိုတင်စစ်ဆေးခြင်းများ ဆောင်ရွက်စဉ်။

မင်းထက်သာ

# လပွတ္တာမြို့နယ်အတွင်းရှိဈေးများ၌ မီးဘေးလုံခြုံရေးလုပ်ငန်းများ ကွင်းဆင်းစစ်ဆေး

လပွတ္တာ ဧပြီ ၂၇

ဧရာဝတီတိုင်းဒေသကြီး လပွတ္တာမြို့၌ မီးလောင်မှု၊ မီးလန့်မှုမဖြစ်ပွားစေရေး၊ မီးဘေးအန္တရာယ်ကြောင့် ပြည်သူများ ထိခိုက်နစ်နာ ဆုံးရှုံးမှု မရှိစေရေးအတွက် ဧပြီ ၂၆ ရက်က အမှတ် (၅) ရပ်ကွက်နှင့် အမှတ်(၆) ရပ်ကွက်တို့ရှိ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ပိုင် မြို့မဈေးနှင့် ရွှေနဒီရေပေါ်ဈေးတို့တွင် စစ်ဆေးဆောင်ရွက်သည်။

ထိုသို့ဆောင်ရွက်ရာတွင် မြို့နယ်မီးသတ်ဦးစီးမှူး ဦးစိမ်းကိုကို၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးနေမျိုးအောင်၊ မြို့နယ်လျှပ်စစ်အင်ဂျင်နီယာရုံးမှ တာဝန်ရှိသူများနှင့် ရပ်ကွက်အုပ်ချုပ်ရေးမှူးများ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ ဝန်ထမ်းများ၊ ဈေးကော်မတီဝင်များက ဈေးဆိုင်ခန်းများတွင် မီးချိတ်၊ မီးကပ်၊သဲအိတ်များ၊ရေပုံးများ၊မီးသတ်ဆေးဘူး စသည့်မီးဘေးကာကွယ်ရေး ပစ္စည်းများ အဆင်သင့်ထားရှိမှုများကို စစ်ဆေးပြီး မီးဘေးကာကွယ်ရေး ဆောင်ရွက်ရမည့်အချက်များကို အကြံပြုလမ်းညွှန်မှာကြားခဲ့ကြကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)





ဧရာဝတီတိုင်းဒေသကြီး ကန်ကြီးထောင့်မြို့နယ်၌ မြို့နယ်မီးသတ်ဦးစီးဌာနက ကြီးမှူး၍ ဧပြီ ၂၇ ရက်တွင် မြို့မစည်ပင်သာယာ ဈေးအတွင်းရှိ ဈေးဆိုင်ခန်းများ မီးဘေးအန္တရာယ်ကြိုတင် ကာကွယ်ရေးဆောင်ရွက်ထားရှိမှု အခြေအနေများကို မြို့နယ်မီးသတ်ဦးစီးဌာနမှ လက်ထောက်မီးသတ်ဦးစီးမှူး ဦးနိုင်သက်လင်း၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ ဒုတိယဦးစီးမှူး(ဈေး) ဦးဇော်လွင်ဖြိုး၊ မြို့နယ်လျှပ်စစ်မှတာဝန်ရှိသူများက ကွင်းဆင်းစစ်ဆေးစဉ်။

မိုးဟိန်းထက်

❂ အာရှမှ

မြန်မာနိုင်ငံတွင် တက်ဂ်ဘောအားကစားနည်းကို ပြီးခဲ့သည့် နှစ်က စတင်မိတ်ဆက်ခဲ့ပြီး ထိုင်းနိုင်ငံက အိမ်ရှင်အဖြစ်လက်ခံကျင်းပသည့် (၃၃) ကြိမ်မြောက်ဆီးဂိမ်းပြိုင်ပွဲ ဝင်ရောက်ယှဉ်ပြိုင်ရာ ငွေတံဆိပ်နှစ်ခု၊ ကြေးတံဆိပ်နှစ်ခု ရရှိသည်။ မြန်မာတက်ဂ်ဘောအသင်းသည် အာရှအဆင့်ပြိုင်ပွဲတွင် ပထမဆုံးယှဉ်ပြိုင်ရသော်လည်း ပြိုင်ပွဲတစ်လျှောက် စွမ်းဆောင်ရည်ကောင်း ပြသနိုင်ခဲ့ပြီး ချီးကျူးအသိအမှတ်ပြုခံခဲ့ရကြောင်း သိရသည်။

သတင်း - ကိုညီလေး
ဓာတ်ပုံ - MTF

# တနင်္သာရီတိုင်းဒေသကြီး မြို့နယ်ပေါင်းစုံ အမျိုးသား/အမျိုးသမီး ဘော်လီဘောပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲအခမ်းအနား ကျင်းပ



ထားဝယ် မေ ၂၇

တနင်္သာရီတိုင်းဒေသကြီး ဝန်ကြီးချုပ်ဖလား မြို့နယ်ပေါင်းစုံ အမျိုးသား/အမျိုးသမီး ဘော်လီဘောပြိုင်ပွဲဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းက ရွှေဝယ်သီရိအားကစားခန်းမ၌ ကျင်းပသည်။

ဦးစွာ ဗိုလ်လုပွဲအဖြစ် အမျိုးသား/အမျိုးသမီး ထားဝယ်မြို့နယ်အသင်းနှင့် မြိတ်မြို့နယ်အသင်းတို့၏ ယှဉ်ပြိုင်ကစားနေမှုကို တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဇော်နိုင်ဦး၊ တိုင်းဒေသကြီး လွှတ်တော်ဒုတိယဥက္ကဋ္ဌ၊ တိုင်းဒေသကြီးဝန်ကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ အားကစားသမားများနှင့် အားကစားဝါသနာရှင်များက ကြည့်ရှုအားပေးကြသည်။

ထို့နောက် ဆုချီးမြှင့်ခြင်းအခမ်းအနားကို ဆက်လက်ကျင်းပရာ တိုင်းဒေသကြီးဝန်ကြီးများက ပွဲစဉ်တစ်လျှောက် ကူညီဆောင်ရွက်ပေးသော ကြက်ခြေနီတပ်ဖွဲ့အား ဂုဏ်ပြုဆုချီးမြှင့်ပြီး အမျိုးသားအားကစားသမားဆု၊ အမျိုးသမီးအားကစားသမားဆု၊ အမျိုးသားဘော်လီဘောပြိုင်ပွဲတွင် ဒုတိယဆုရရှိသည့် မြိတ်မြို့နယ်အသင်းနှင့် အမျိုးသမီးဘော်လီဘောပြိုင်ပွဲတွင် ဒုတိယဆုရရှိသည့် မြိတ်မြို့နယ်အသင်း၊ အမျိုးသားဘော်လီဘောပြိုင်ပွဲတွင် ပထမဆုရရှိသည့် ထားဝယ်မြို့နယ်အသင်းကိုလည်းကောင်း၊ တိုင်းဒေသကြီးလွှတ်တော်ဒုတိယဥက္ကဋ္ဌက အမျိုးသမီး ဘော်လီဘောပြိုင်ပွဲတွင် ပထမဆုရရှိသည့် ထားဝယ်မြို့နယ်အသင်းကိုလည်းကောင်း၊ တစ်ဦးချင်းဆုနှင့် ငွေသားဆုပေးအပ်ချီးမြှင့်ကာ တိုင်းဒေသကြီး ဝန်ကြီးချုပ်က အမျိုးသား/အမျိုးသမီး ဘော်လီဘောပြိုင်ပွဲတွင် ပထမဆုရရှိသည့် ထားဝယ်မြို့နယ်အသင်းကို တံခွန်စိုက်ဆုဖလား ပေးအပ်ချီးမြှင့်သည်။

ယင်းနောက်တနင်္သာရီတိုင်းဒေသကြီး လူရည်ချွန်ကျောင်းသား ကျောင်းသူများနှင့် ကြီးကြပ် ဆရာဆရာမများက ဝန်ကြီးချုပ်ထံမှ ဩဝါဒခံယူပွဲကို ထားဝယ်မြို့ တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် တိုင်းဒေသကြီးဝန်ကြီးချုပ်က ယခု ၂၀၂၅-၂၀၂၆ ပညာသင်နှစ်တွင် ထားဝယ်တက္ကသိုလ်မှ နှစ်ဦး၊ ထားဝယ် Polytechnic မှတစ်ဦး၊ ထားဝယ်ပညာရေးဒီဂရီကောလိပ်မှ နှစ်ဦး၊ မြိတ်တက္ကသိုလ်မှ နှစ်ဦး၊ မြိတ် Polytechnic မှ နှစ်ဦး၊ အခြေခံပညာအတန်းအသီးသီးမှ စုစုပေါင်း ကျောင်းသား ကျောင်းသူ ၂၀ ဦးနှင့် ကြီးကြပ်သူဆရာဆရာမ ခုနစ်ဦး စုစုပေါင်း ၃၇ ဦးတို့သည် ပြင်ဦးလွင်၊ အင်းလေး၊ ငွေဆောင်၊ နေပြည်တော်လူရည်ချွန်စုရပ်စခန်းအသီးသီးသို့ မေ ၁ ရက်မှ ၁၀ ရက်အထိ လေ့လာရေးခရီးသွားကြရမည်ဖြစ်ကြောင်း၊ လူရည်ချွန်စခန်းအသီးသီးသို့ သွားရောက်လေ့လာကာ တိုင်းရင်းသားလူငယ်များအချင်းချင်း တစ်ဦးကိုတစ်ဦး ချစ်ခင်လေးစားရန်၊ အတူယှဉ်တွဲစုပေါင်းနေထိုင်ရန်၊ ဒေသန္တရဗဟုသုတများ ရရှိလာရန်အတွက် လိုက်နာဆောင်ရွက်ပြီး ကျောင်းသား ကျောင်းသူအားလုံး၏ စံနမူနာပြလူရည်ချွန်များအဖြစ် ဆက်လက်ကြိုးစားကြရန် လိုအပ်ကြောင်းမှာကြားသည်။

ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်က ကြီးကြပ် ဆရာ ဆရာမ တစ်ဦးလျှင် ငွေကျပ် သုံးသိန်းနှုန်းဖြင့် စုစုပေါင်းငွေကျပ် ၂၁ သိန်း၊ လူရည်ချွန်ကျောင်းသား ကျောင်းသူတစ်ဦးလျှင် ငွေကျပ် သုံးသိန်းနှုန်းဖြင့် စုစုပေါင်း ငွေကျပ် သိန်း ၆၀ ကို ပေးအပ်ချီးမြှင့်ရာ လူရည်ချွန် ကျောင်းသား ကျောင်းသူများကိုယ်စား သုံးထပ်ကွမ်း လူရည်ချွန်ကျောင်းသူတစ်ဦးက ကျေးဇူးတင်စကားပြောကြားပြီး တိုင်းဒေသကြီး ဝန်ကြီးချုပ်က လူရည်ချွန်ကျောင်းသား ကျောင်းသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်ခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**



# မြန်မာနေရှင်နယ်လိဂ်ကလပ် ရတနာပုံအသင်း အိမ်ကွင်းပြန်လည်လက်ခံကျင်းပနိုင်ရန် ကြိုးပမ်းနေ

ရန်ကုန် မေ ၂၇

မြန်မာနေရှင်နယ်လိဂ်ကလပ် ရတနာပုံအသင်းသည် လာမည့် ၂၀၂၆-၂၀၂၇ ရာသီတွင် အိမ်ကွင်းပြန်လည်လက်ခံကျင်းပနိုင်ရန် ကြိုးပမ်းနေပြီး မန္တလေးမြို့ရှိ ကွင်းတစ်ကွင်းကို အသုံးပြုသွားမည်ဖြစ်သည်။

ရတနာပုံအသင်းသည် အသင်းစတင်တည်ထောင်ချိန်ကတည်းက အိမ်ကွင်းလက်ခံကျင်းပခဲ့ပြီး မန္တလေးမြို့ရှိ ဗထူးကွင်းကို အသုံးပြုခဲ့သလို နောက်ပိုင်းတွင် မန္တလာသီရိကွင်းကိုပါ တွဲဖက်အသုံးပြုခဲ့သည်။ သို့သော် ၂၀၂၀ ရာသီမှ ပြီးခဲ့သည့်ရာသီအထိ အိမ်ကွင်းလက်ခံကျင်းပနိုင်ခြင်းမရှိတော့ဘဲ လာမည့်ရာသီမှသာ ပြန်လည်ကျင်းပရန် ကြိုးပမ်းနေခြင်းဖြစ်သည်။ ရတနာပုံအသင်းသည် အိမ်ကွင်းအဖြစ် ဗထူးကွင်းနှင့် အောင်မြေမန္တလာကွင်း၊ လေ့ကျင့်ရေးကွင်းအဖြစ် ရွှေမန်းတောင်ကွင်းတို့ကို လျာထားခြင်းဖြစ်သည်။ မြန်မာနေရှင်နယ်လိဂ်ကော်မတီဥက္ကဋ္ဌ ဦးဇော်မင်းသိန်းနှင့်အဖွဲ့သည် မေ ၂၇ ရက် နံနက်ပိုင်းက ယင်းကွင်းများအား သွားရောက်စစ်ဆေးခဲ့ပြီး လာမည့်ရာသီအတွက် ပွဲစဉ်မထွက်မီ အတည်ပြုနိုင်မည်ဖြစ်သည်။

၂၀၂၅-၂၀၂၆ ရာသီ MNL ပြိုင်ပွဲ ယှဉ်ပြိုင်နေသည့် ကလပ်အသင်းများအနက် ရှမ်းယူနိုက်တက်အသင်းနှင့် ရန်ကုန်ယူနိုက်တက်အသင်းတို့သာ အိမ်ကွင်းလက်ခံကျင်းပနိုင်ခဲ့ပြီး ကျန်အသင်းများမှာ ရန်ကုန်မြို့ရှိ ကွင်းများကို အလှည့်ကျသုံးစွဲခဲ့ခြင်းဖြစ်သည်။ လာမည့်ရာသီတွင်မူ ကလပ်အသင်းအချို့ အိမ်ကွင်းပြန်လည်လက်ခံကျင်းပနိုင်ရန် ကြိုးပမ်းလာသဖြင့် အိမ်ကွင်းလက်ခံကျင်းပနိုင်မည့် အသင်းအရေအတွက် တိုးမြှင့်လာမည်ဖြစ်သည်။

**သတင်း - မောင်စံကြီး**

**ဓာတ်ပုံ - MNL**

# မြန်မာနေရှင်နယ်လိဂ်ကလပ် ရတနာပုံအသင်း ရာသီသစ်အတွက် ခြောက်ဦးမြောက် ပြည်တွင်းကစားသမားသစ် ခေါ်ယူ

ရန်ကုန် မေ ၂၇

မြန်မာနေရှင်နယ်လိဂ် ကလပ် ရတနာပုံအသင်းသည် လာမည့် ရာသီသစ်အတွက် ခြောက်ဦးမြောက် ပြည်တွင်းကစားသမားသစ်ခေါ်ယူလိုက်ပြီဖြစ်ပြီး အား/ကာသိပွဲအသင်း တောင်ပံကစားသမားသန်းတိုးအောင်ကို ခေါ်ယူခဲ့သည်။



ရတနာပုံအသင်းသည် အသင်းပိုင်ရှင် အပြောင်းအလဲပြုလုပ်၍ အသင်းအား ပြန်လည်တည်ဆောက်နေပြီး ကစားသမားသစ်များ ဆက်တိုက်ခေါ်ယူနေရာ သန်းတိုးအောင်မတိုင်မီက ဆွမ်လမန်၊ သက်ပိုင်ထွေး၊ ပြည့်ဖြိုးအောင် (ဂိုး)၊ သီဟထက်အောင်နှင့် မိုးဆွေတို့ကို ခေါ်ယူထားသည်။ သန်းတိုးအောင်သည် ရတနာပုံ ယူ-၁၉ အသင်းတွင် ကစားခဲ့သူဖြစ်ပြီး ပရော်ဖက်ရှင်နယ်ကစားသမားဘဝကို အား/ကာသိပွဲအသင်းတွင် ဖြတ်သန်းကာ ရတနာပုံအသင်းသို့ ပြန်လည်ရောက်ရှိလာခြင်းဖြစ်သည်။

ရတနာပုံအသင်းသည် ရာသီသစ်အတွက် ပြည်တွင်း၊ ပြည်ပ ကစားသမားသစ်များ ထပ်မံခေါ်ယူမည်ဖြစ်သည်။

**သတင်း - ချစ်ကိုကို**

**ဓာတ်ပုံ - YDNB FC**

**✤ Myanmar မှ**

ဗိုလ်လုပွဲတွင် လိပ်သုံးကောင်အသင်းက ရွှေကျွန်းသားအသင်းကို နှစ်ပွဲပြတ်ဖြင့် အနိုင်ရရှိကာ ချန်ပီယံဆု ဆွတ်ခူးရရှိခဲ့သည်။ လက်ရွေးစင်ကစားသမားအများစုပါဝင်သည့် လိပ်သုံးကောင်အသင်းသည် ပထမပွဲငယ်တွင် ၁၅-၅ မှတ်၊ ဒုတိယပွဲငယ်တွင် ၁၅-၁၁ မှတ်ဖြင့် အနိုင်ရရှိခဲ့ခြင်းဖြစ်သည်။ ပြိုင်ပွဲအပြီးတွင် ချန်ပီယံဖြစ်ခဲ့သည့် လိပ်သုံးကောင်အသင်းက ချန်ပီယံဆုဖလားနှင့် ဆုကြေးငွေကျပ်သိန်း ၅၀၊ ဒုတိယဆုရရှိသည့် ရွှေကျွန်းသားအသင်းက ဆုကြေးငွေကျပ်သိန်း ၃၀၊ ပူးတွဲ တတိယဆုရရှိသည့် YRG အသင်းနှင့် USL အသင်းက ဆုကြေးငွေကျပ် ၁၅ သိန်းစီ ဆွတ်ခူးရရှိသည်။

ပြိုင်ပွဲကို မေ ၂၃ ရက်မှ ၂၆ ရက်အထိ ကျင်းပခဲ့ပြီး လေးယောက်တွဲပြိုင်ပွဲ တစ်မျိုးတည်းသာ ထည့်သွင်းကျင်းပခြင်းဖြစ်သည်။ ပြိုင်ပွဲတွင် အသင်းရှစ်သင်း ပါဝင်ယှဉ်ပြိုင်ခဲ့ပြီး လေးသင်း နှစ်အုပ်စုခွဲပြုလုပ်ခဲ့ကာ အမှတ်အများဆုံး နှစ်သင်း ဆီမီးဖိုင်နယ် တက်ရောက်ခဲ့သည်။ ဗိုလ်လုပွဲတွင် တွေ့ဆုံခဲ့သည့် လိပ်သုံးကောင်အသင်းနှင့် ရွှေကျွန်းသားအသင်းသည် အုပ်စု (B)တွင် တစ်အုပ်စုတည်းကျရောက်ခဲ့ပြီး ပြန်လည်တွေ့ဆုံခဲ့ခြင်းဖြစ်သည်။

**သတင်း - ရှိုင်းထက်ဇော်**

**ဓာတ်ပုံ - MSTAF**

# ကိုဗင်ထရီအသင်း ချန်ပီယံရှစ်ဖလားဆွတ်ခူးရရှိ




နည်းပြဖရန့်လမ်းပတ်ရဲ့ ကိုဗင်ထရီအသင်းဟာ ချန်ပီယံရှစ်ပွဲစဉ် ၄၅ မှာ ရက်ဇ်ဟမ်းအသင်းကို သုံးဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိပြီး ချန်ပီယံရှစ်ဖလားကို ရယူဆွတ်ခူးနိုင်ခဲ့ပြီဖြစ်ပါတယ်။

ကိုဗင်ထရီအသင်း အတွက် ယခုနိုင်ပွဲဟာ ခုနစ်ပွဲဆက်ရှုံးပွဲမရှိ စံချိန်တင်ခဲ့ခြင်းဖြစ်ခဲ့သလို ရမှတ် ၉၂ မှတ်အထိ စုဆောင်းနိုင်ခဲ့တာဖြစ်ပါတယ်။

ကိုဗင်ထရီအသင်းဟာ ချန်ပီယံရှစ်ပြိုင်ပွဲပြီးဆုံးဖို့ တစ်ပွဲအလိုမှာပဲ အမှတ်ပေးဇယား ဒုတိယနေရာက အစ်ဆွစ်အသင်းကို ၁၂ မှတ်အထိ ဖြတ်ထားနိုင်ခဲ့တာကြောင့် ချန်ပီယံရှစ်ဖလားကို ဆွတ်ခူးနိုင်ခဲ့တာဖြစ်ပါတယ်။

ကိုဗင်ထရီအသင်းအနေနဲ့ အခုလို ချန်ပီယံရှစ်ဖလားဆွတ်ခူးနိုင်ခဲ့ခြင်းဟာ နည်းပြဖရန့်လမ်းပတ်အတွက်လည်း နည်းပြဘဝပထမဆုံး ဆုဖလားရယူနိုင်ခဲ့ခြင်းဖြစ်ပါတယ်။

လက်ရှိအနေအထားအရ ကိုဗင်ထရီအသင်းဟာ ချန်ပီယံရှစ်ဖလားဆွတ်နိုင်ခဲ့ပြီဖြစ်တာကြောင့် လာမယ့်ဘောလုံးရာသီမှာ ပရီမီယာလိဂ်ပြိုင်ပွဲဆီသို့ တိုက်ရိုက်တန်းတက်ခွင့်ရရှိခဲ့ပြီလည်း ဖြစ်ပါတယ်။ **ငွေကြယ်**



## ရမည်းသင်းမြို့နယ်၌ အခြေခံ / မွမ်းမံ စက်ချုပ်နည်းပညာသင်တန်း ဖွင့်ပွဲကျင်းပ

ရမည်းသင်း ဧပြီ ၂၇

မန္တလေးတိုင်းဒေသကြီး ရမည်းသင်းခရိုင် အသေးစားစက်မှုလက်မှု လုပ်ငန်းဦးစီးဌာနက ရက်(၁၀၀) စီမံချက်ဖြင့် ဖွင့်လှစ်သည့် အခြေခံ/ မွမ်းမံစက်ချုပ်နည်းပညာသင်တန်း ဖွင့်ပွဲအခမ်းအနားကို ယနေ့ နံနက်ပိုင်းက စံပြသိမ်ကုန်းကျေးရွာ အုပ်ချုပ်ရေးမှူးရုံး၌ ကျင်းပသည်။

အခမ်းအနားတွင် ရမည်းသင်းခရိုင် အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးမောင်မောင်မြင့်နှင့် ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေး ကော်မတီဥက္ကဋ္ဌ ဦးစိန်မြင့်တို့က အမှာစကားပြောကြားသည်။ ဆက်လက်၍ အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးထိုက်တန်က သင်တန်းဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။

အဆိုပါသင်တန်းကို ဧပြီ ၂၇ မှ မေ ၂၆ ရက်အထိ လည်းကောင်း၊ မွမ်းမံစက်ချုပ်သင်တန်းကို ဇွန် ၁ ရက်မှ ၁၅ ရက်အထိ လည်းကောင်း ၄၅ ရက်ကြာ ဖွင့်လှစ်သွားမည်ဖြစ်ပြီး ၎င်းသင်တန်းတွင် အမှန်တကယ် လုပ်ငန်းလုပ်ကိုင်လိုသည့် ထူးချွန်သင်တန်းသူ ငါးဦးအား လုပ်ငန်း ထူထောင်နိုင်ရန်အတွက် လုပ်ငန်းသုံးပစ္စည်း ခုနစ်မျိုး သုံးစွဲခွင့်ပြုသွားမည်ဖြစ်ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

## ဘက်ရဲမြို့၌ ကူးစက်ရောဂါကာကွယ်ထိန်းချုပ်ရေး ပညာပေးသင်တန်းဖွင့်

ကြံခင်း ဧပြီ ၂၇

ဧရာဝတီတိုင်းဒေသကြီး ကြံခင်းမြို့နယ် ဘက်ရဲမြို့ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ အစိုးရသစ်၏ ရက်(၁၀၀) စီမံချက်ဖြင့် မြို့နယ်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနက ကြီးမှူး၍ ကူးစက်ရောဂါကာကွယ်ထိန်းချုပ်ရေး ပညာပေးသင်တန်းကို ယနေ့ နံနက်ပိုင်းက ဖွင့်လှစ်သည်။

ဦးစွာ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ ခေတ္တဥက္ကဋ္ဌ ဦးကျော်မင်းထက်က အမှာစကားပြောကြားပြီး မွေးမြူရေးနှင့် ကုသရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါက်တာဝင်းကိုက သင်တန်းဖွင့်လှစ်ရခြင်းနှင့် ပတ်သက်၍ ပြောကြားသည်။

သင်တန်းတွင် တိရစ္ဆာန်အမျိုးအစားများနှင့် ဖြစ်ပွားတတ်သော ရောဂါများ၊ အခြေခံတိရစ္ဆာန်ကျန်းမာရေးလုပ်သားများ၏ တာဝန်များ၊ ရောဂါဖြစ်စေသောအကြောင်းရင်းများနှင့် ရောဂါလက္ခဏာများ၊ ပဋိဇီဝဆေး၊ ကာကွယ်ကုသဆေး စသည့် သင်ခန်းစာများကို သင်တန်းသား ၂၀ အား ၂ ရက်ကြာ သင်ကြားပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ဖြိုးဝေလင်း(ပြန်/ဆက်)





## ပင်းတယမြို့နယ်၌ သမဝါယမလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ကွင်းဆင်းဆောင်ရွက်

တောင်ကြီး ဧပြီ ၂၇

ရှမ်းပြည်နယ်(တောင်ပိုင်း) ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ပင်းတယမြို့နယ်အတွင်းရှိ သမဝါယမလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ဧပြီ ၂၅ ရက်က ရှမ်းပြည်နယ် သမဝါယမဦးစီးဌာန ပြည်နယ်ဦးစီးမှူး ဦးကျော်မိုးတင့်နှင့် တာဝန်ရှိသူများသည် မြို့နယ်သမဝါယမဦးစီးဌာနမှ ဝန်ထမ်းများ၊ မြို့နယ်သမဝါယမအသင်းစု အမှုဆောင်များနှင့်တွေ့ဆုံ၍ လိုအပ်သည်များ လမ်းညွှန်မှာကြားသည်။

ဆက်လက်၍ တာဝန်ရှိသူများက ပင်းတယမြို့နယ် မိုင်းအင်ကျေးရွာရှိ အောင်သီဟလယ်ယာနှင့် အထွေထွေစီးပွားရေး လုပ်ငန်း သမဝါယမအသင်းမှ နွေစပါးစိုက်ပျိုးထားရှိမှု အခြေအနေကို ကွင်းဆင်းကြည့်ရှု၍ အသင်းမှလိုအပ်သည့် ငွေကြေးအရင်းအနှီးများ သွင်းအားစုများရရှိစေရေးအတွက် သက်ဆိုင်ရာ မြို့နယ်သမဝါယမ အသင်းစုနှင့် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ဝိုးတောင်း



## လေးမျက်နှာမြို့နယ်၌ မော်တော်ဆိုင်ကယ် ပြုပြင်ထိန်းသိမ်းနည်း သင်တန်းဖွင့်

ဟသ်ာတ ဧပြီ ၂၇

ဧရာဝတီတိုင်းဒေသကြီး လေးမျက်နှာမြို့နယ် ကြံတောစုကျေးရွာတွင် ဧပြီ ၂၇ ရက် နံနက်ပိုင်းက ဟသ်ာတခရိုင် အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနက ကြီးမှူး၍ မော်တော်ဆိုင်ကယ် ပြုပြင်ထိန်းသိမ်းနည်းသင်တန်းကို ဖွင့်လှစ်သည်။

သင်တန်းဖွင့်ပွဲတွင် လေးမျက်နှာမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမြင့်စိုးက အမှာစကားပြောကြားသည်။ ထို့နောက် ဟသ်ာတခရိုင် အသေးစား စက်မှုလက်မှုလုပ်ငန်းဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်ဇင်မာထွေးက သင်တန်းဆိုင်ရာများနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

အဆိုပါ သင်တန်းကို ဧပြီ ၂၂ ရက်မှ ဇွန် ၂၀ ရက်အထိ လည်းကောင်း၊ အခြေခံနှင့် မွမ်းမံသင်တန်းကို မေ ၂၉ ရက်မှ ဇွန် ၁၂ ရက်အထိ လည်းကောင်း စုစုပေါင်း ၄၅ ရက်ကြာ ဖွင့်လှစ်သွားမည်ဖြစ်ပြီး သင်တန်းမှ လုပ်ငန်းထူထောင်မည့်သူ ငါးဦးတို့အား မော်တော်ဆိုင်ကယ်နှင့် ဆက်စပ်သည့် လုပ်ငန်းသုံးပစ္စည်းများကို ထောက်ပံ့ပေးအပ်သွားမည်ဖြစ်ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

## ရေကြည်မြို့နယ် မြို့မဈေးကြီး၌ မီးဘေးလုံခြုံရေး ကွင်းဆင်းစစ်ဆေး

ရေကြည် ဧပြီ ၂၇

ဧရာဝတီတိုင်းဒေသကြီး ရေကြည်မြို့နယ် စည်ပင်သာယာရေးကော်မတီပိုင် မြို့မဈေးကြီး၌ ယနေ့နံနက်ပိုင်းက မီးဘေးလုံခြုံရေး ကွင်းဆင်းစစ်ဆေးခြင်းကို ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးရွှေအေး၊ စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးစိုးမိုးကျော်၊ မီးသတ်ဦးစီးအရာရှိ ဦးစိုးနိုင်နှင့် တာဝန်ရှိသူများက ပူးပေါင်း၍ ဆောင်ရွက်သည်။

ဦးစွာ မီးဘေးကြိုတင်ကာကွယ်ရေး၊ မီးဘေးအန္တရာယ်ဖြစ်ပေါ်ပါက မီးသတ်ဆေးဘူးအသုံးပြုပုံ၊ မီးချိတ်၊ မီးကပ်၊ ရေပုံးများ၊ သဲအိတ်များထားရှိရေးနှင့် မီးဘေးအန္တရာယ် အထူးဂရုပြုကြရန် အသိပညာပေး ဟောပြောပြီး မြို့မဈေးနှင့် ပတ်ဝန်းကျင်ရှိ ဈေးဆိုင်ခန်းများ မီးလောင်မှု၊ မီးလန့်မှု မဖြစ်ပွားစေရေးအတွက် စစ်ဆေးခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)



## မင်းလှမြို့၌ နိုင်ငံသားစိစစ်ရေးကတ်များနှင့် Unique ID နံပါတ်များ ကွင်းဆင်းဆောင်ရွက်



မင်းလှ ဧပြီ ၂၇

ပဲခူးတိုင်းဒေသကြီး မင်းလှမြို့နယ် စစ်ကွင်းမြို့ မြို့မရပ်ကွက် ဓမ္မာရုံ၌ ရက် (၁၀၀)စီမံချက်ဖြင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများ ပြုလုပ်ပေးခြင်းနှင့် Unique ID နံပါတ်ထုတ်ပေးခြင်းကို ယမန်နေ့က ကွင်းဆင်းဆောင်ရွက်သည်။

ထိုသို့ ဆောင်ရွက်ရာတွင် မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန မင်းလှမြို့နယ်မှ ဝန်ထမ်းများ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများနှင့် ရပ်/ကျေးစာရေးများက အသက်(၁၀)နှစ်ပြည့်၊ (၁၈)နှစ်ပြည့် နိုင်ငံသားစိစစ်ရေးကတ်ပြား အသစ်ပြုလုပ်လိုသူများနှင့် ကျောင်းသား ကျောင်းသူများ၊ ဒေသခံပြည်သူများအား လိုအပ်သည့် အချက်အလက်၊ အထောက်အထားများ ဖြည့်စွက်ကာ စိစစ်ထုတ်ပေးပြီး ဇီဝဆိုင်ရာအချက်အလက် ကောက်ယူခြင်း၊ Unique ID နံပါတ်များ ထုတ်ပေးခြင်းလုပ်ငန်းများကို လုပ်ထုံးလုပ်နည်းများနှင့်အညီ ကွင်းဆင်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ပေါက်စ(မင်းလှ)

## သထုံမြို့နယ် အုပ္ပိုလ်ချောင်ကျေးရွာ၌ ရက်(၁၀၀)စီမံချက်ဖြင့် နွေစပါးရိတ်သိမ်းနေမှု ကြည့်ရှုစစ်ဆေး

သထုံ ဧပြီ ၂၇

မွန်ပြည်နယ် သထုံမြို့နယ် အုပ္ပိုလ်ချောင် ကျေးရွာရှိအုပ္ပိုလ်ချောင် စိုက်ပျိုးထုတ်လုပ်ရေး နှင့် အထွေထွေစီးပွားရေးလုပ်ငန်း သမဝါယမ အသင်းလီမိတက်၏ အသင်းသား တောင်သူများ စိုက်ပျိုးထားသည့် နွေစပါးများ ရိတ်သိမ်းနေမှုကို ယနေ့နံနက်ပိုင်းက မြို့နယ်သမဝါယမ ဦးစီးဌာနမှ တာဝန်ရှိသူများက ကွင်းဆင်း ကြည့်ရှုကြသည်။

ကွင်းဆင်းစစ်ဆေးရာတွင် မြို့နယ်သမဝါယမဦးစီးဌာန ဦးစီးအရာရှိ ဒေါ်သန္တာစိုးနှင့် ဝန်ထမ်းများက အုပ္ပိုလ်ချောင် စိုက်ပျိုးထုတ်လုပ်ရေးနှင့် အထွေထွေစီးပွားရေး လုပ်ငန်း သမဝါယမအသင်းလီမိတက်၏ အသင်းသား တောင်သူများ စိုက်ပျိုးထားသည့် ရွှေသွယ်ရင်နွေစပါး ရိတ်သိမ်းပြီးစီးမှု အခြေအနေကို ကြည့်ရှုအားပေးကြသည်။

အဆိုပါ နွေစပါးရိတ်သိမ်းရာတွင် ရွှေသွယ်ရင်စပါး တစ်ဧကလျှင် ၁၁၇ တင်း နှုန်းထွက်ရှိကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)



## သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန
## ပြည်နယ်သမဝါယမဦးစီးဌာန
## ကရင်ပြည်နယ်၊ ဘားအံမြို့
## (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ ကရင်ပြည်နယ်သမဝါယမဦးစီးဌာနမှ (၂၀၂၆-၂၀၂၇)ဘဏ္ဍာနှစ် အတွင်း ပြည်နယ်ငွေလုံးငွေရင်းရန်ပုံငွေဖြင့် ကရင်ပြည်နယ်သမဝါယမ ဦးစီးဌာနရုံးဝင်းအတွင်း အရာထမ်းဝန်ထမ်းအိမ်ရာ (၅၀' x ၃၄' x ၁၂') RC (၂)ထပ် (၂)ခန်းတွဲ (၁)လုံး (ရေ၊ မီး၊ မိလ္လာ Apron & Drain အပါအဝင်) တည်ဆောက်ခြင်းလုပ်ငန်း ဆောင်ရွက်ရန်ရှိပါသဖြင့် ပြည်တွင်းဆောက်လုပ်ရေးလုပ်ငန်းရှင်များထံမှ လုပ်ကိုင်လိုသူမည်သူမဆို အိတ်ဖွင့်တင်ဒါ တင်သွင်းနိုင်ရန် ဖိတ်ခေါ်အပ်ပါသည်။

| | | |
|---|---|---|
| ၂။ | တင်ဒါလျှောက်လွှာ စတင်ရောင်းချမည့်ရက် | - ၂၈-၄-၂၀၂၆ ရက်နေ့ |
| ၃။ | တင်ဒါပိတ်မည့်ရက်နှင့်အချိန် | - ၂၇-၅-၂၀၂၆ ရက်နေ့၊ (၁၆:၀၀)နာရီ |
| ၄။ | တင်ဒါလျှောက်လွှာ ရောင်းချ/တင်သွင်းရမည့်နေရာ | - ပြည်နယ်သမဝါယမဦးစီးဌာန၊ သီရိလမ်းမကြီး၊ အမှတ်(၄) ရပ်ကွက်၊ ဘားအံမြို့ |
| ၅။ | တင်ဒါဖွင့်ဖောက်ရွေးချယ်မည့်ရက် | -(ဆက်သွယ်အကြောင်းကြားပါမည်) |

၆။ အိတ်ဖွင့်တင်ဒါနှင့်ပတ်သက်၍ အသေးစိတ်သိရှိလိုပါက ပြည်နယ်သမဝါယမ ဦးစီးဌာန၊ ဘားအံမြို့၊ ဖုန်း -၀၅၈-၂၁၂၃၉ နှင့် ၀၉-၈၄၀၇၇၇၁၁၄ တို့သို့ ဆက်သွယ်စုံစမ်း မေးမြန်းနိုင်ပါသည်။

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန၊ တည်ဆောက်ရေး (၆)၊ ရန်ကုန်မြို့ မှ (၂၀၂၆-၂၀၂၇)ခု ဘဏ္ဍာရေးနှစ်တွင် ပြည်ထောင်စု ရန်ပုံငွေဖြင့်ဆောင်ရွက်မည့် ချောင်းကော မြောင်းကော ရေနုတ်မြောင်းများ တူးဖော်ခြင်းလုပ်ငန်းအတွက် လိုအပ်သော လုပ်ငန်းခွင် တည်ဆောက်ရေး ပစ္စည်းဝယ်ယူခြင်းကို မြန်မာနိုင်ငံသား လုပ်ငန်းရှင် များထံမှ မြန်မာကျပ်ငွေဖြင့် ဝယ်ယူနိုင်ရေး အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

| | |
|---|---|
| တင်ဒါပုံစံရောင်းချမည့်ရက် | - (၇-၅-၂၀၂၆) မှ (၁၂-၅-၂၀၂၆)နေ့အထိ |
| တင်ဒါတင်သွင်းရမည့်ရက် | - (၁၄-၅-၂၀၂၆) မှ (၁၉-၅-၂၀၂၆) နေ့ ညနေ(၄)နာရီအထိ |
| တင်ဒါဖွင့်လှစ်မည့်ရက် | - (၂၆-၅-၂၀၂၆) နေ့ နံနက်(၁၀:၀၀)နာရီ |
| တင်ဒါရောင်းချမည့်နေရာနှင့် တင်ဒါတင်သွင်းရမည့်နေရာ | - ညွှန်ကြားရေးမှူးရုံး၊ တည်ဆောက်ရေး(၆)၊ ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာန၊ ရန်ကုန်မြို့။ |
| တင်ဒါဖွင့်လှစ်မည့်နေရာ | - အစည်းအဝေးခန်းမ၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး၊ ပဲခူးမြို့။ |

၂။ အသေးစိတ်အချက်အလက်များ သိရှိလိုပါက အောက်ပါဖုန်းနံပါတ်များတွင် ရုံးချိန်အတွင်း မေးမြန်းစုံစမ်းနိုင်ပါသည်-
ဖုန်း။ ။ ၀၉-၄၄၈၀၂၃၅၀၄၊ ၀၉-၇၉၉၂၆၂၅၀၄

**တင်ဒါကော်မတီ**

## အများသိစေရန်ကြော်ငြာ

